# မြန်မာနိုင်ငံ၏ လျှို့ဝှက်ထောက်လှမ်းမှု အခြေအနေကို ခုခံတွန်းလှန်ခြင်း

အရပ်ဘက်လူမှုအသိုင်းအဝိုင်းအတွက် စည်းရုံးလှုံ့ဆော်ရေးမဟာဗျူဟာ



ARTICLE 19

**ARTICLE 19**

72–82 Rosebery Ave
London EC1R 4RW
UK
www.article19.org

**T:** +44 20 7324 2500
**F:** +44 20 7490 0566

**E:** info@article19.org
**W:** www.article19.org

**Tw:** @article19org
**Fb:** facebook.com/article19org

ARTICLE 19 သည် လူတိုင်း ၎င်းတို့အသံများ၏အစွမ်းကို နားလည်သဘောပေါက်စေရန်အတွက် ဒေသတွင်းနှင့် ကမ္ဘာတစ်ဝန်းလုံးတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်လှုပ်ရှားမှုများ မောင်းနှင်ဖန်တီးနေသော အတွေးနှင့်အလုပ် ပေါင်းစပ်ထားသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

မိမိတို့သည် မိမိတို့၏ လုပ်ဖော်ကိုင်ဖက်များနှင့်အတူ ခေတ်မီ သုတေသန၊ ဥပဒေနှင့် မူဝါဒ သုံးသပ်ချက်များ ပြုလုပ်ပြီး ကမ္ဘာတစ်ဝန်းရှိ မိမိတို့၏ ဒေသဆိုင်ရာ ဌာန ၉ ခုမှတစ်ဆင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၏ ရှေ့တန်းတွင် ဦးစီးလုပ်ဆောင်လျက်ရှိသလို ကမ္ဘာတစ်ဝန်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုလှုပ်ရှားမှုအတွင်း အသစ်တီထွင်မှုများ ဖန်တီးကာ အပြောင်းအလဲများကို ပြုလုပ်နေသည်။ ဤသို့လုပ်ဆောင်ရာတွင် မီဒီယာအမှီအခိုကင်းမှု မြင့်တင်ခြင်း၊ သတင်းအချက်အလက်ရပိုင်ခွင့် တိုးမြှင့်ခြင်း၊ သတင်းသမားများကို ကာကွယ်ပေးခြင်း၊ ပြည်သူ့ရပ်ဝန်းချဲ့ထွင်ခြင်းနှင့် ဒစ်ဂျစ်တယ်ရပ်ဝန်းများဖော်ဆောင်မှု၏ဗဟိုချက်တွင် လူ့အခွင့်အရေးကို နေရာပေးခြင်းဟူသော အဓိကဆိုလိုရင်း ငါးခုဖြင့် လုပ်ဆောင်နေခြင်းဖြစ်သည်။

**© ARTICLE 19, 2024**

ဤအစာရင်ခံစာကို Creative Commons Attribution-Non-Commercial-ShareAlike 4.0 လိုင်စင်အရ ထုတ်လုပ်ဖြန့်ချိသည်။
လွတ်လပ်စွာ ကူးယူပွားများဖြန့်ဝေ၍ ဆင့်ပွားသုံးစွဲနိုင်ပြီး သင်သည်

၁) ARTICLE 19 ကို မူရင်းပိုင်ရှင်အဖြစ် ဖော်ပြရမည်၊
၂) စီးပွားရေးအကျိုးအမြတ်အတွက် မသုံးရပါ၊
၃) ဤတစ်ခုနှင့် ထပ်တူသော လိုင်စင်တစ်ခုအရ ဤဖြန့်ချိထုတ်ဝေမှုမှ မည်သည့်အရာကိုမဆို ဖြန့်ဝေနိုင်သည်။

ဤလိုင်စင်၏ တရားဝင်စာရွက်စာတမ်းအပြည့်အစုံကို ရယူလိုပါက အောက်ပါလင့်ခ်သို့ သွားရောက်ပါ။
https://creativecommons.org/licenses/by-nc-sa/4.0

ဤအစီရင်ခံစာပါ အချက်အလက်များကို ယူငင်သုံးစွဲပါက သုံးစွဲသည့် စာအုပ်စာတမ်း/တစ်ခုခု၏ မိတ္တူတစ်စုံကို ARTICLE 19 ထံ ပေးပို့ မည်ဆိုပါက မိမိတို့မှ အထူးကျေးဇူးတင်ရှိမည်ဖြစ်ပါသည်။ ဤအစီရင်ခံစာကို US Bureau of Demo-cracy, Human Rights and Labor ၏ ဘဏ္ဍာရေးအကူအညီဖြင့် Engaging Tech for Internet Freed (ETIF) လုပ် ငန်းအစီအစဥ်၏ အစိတ် အပိုင်းတစ်ခုအဖြစ် ရေးသားပြုစုသည်။ ဤစာအုပ်ပါ အကြောင်းအရာများအတွက် ARTICLE 19 တစ်ဖွဲ့တည်း၌သာ တာဝန်ရှိသည်။

# မာတိကာ


**စာတမ်းအနှစ်ချုပ်** 2

**နိဒါန်း** 5

အရေးကိစ္စ။ ။ မြန်မာနိုင်ငံရှိ လျှို့ဝှက်ထောက်လှမ်းမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ 8

မြန်မာနိုင်ငံ၏ ဥပဒေမူဘောင် 12

အရပ်ဘက်လူမှုအသိုင်းအဝိုင်းအတွက် အကြံပြုတိုက်တွန်းချက်များ 20

စီးပွားရေးလုပ်ငန်းများအတွက် အကြံပြုတိုက်တွန်းချက်များ 35

## စာတမ်းအနှစ်ချုပ်

အွန်လိုင်းဆက်သွယ်ရေးကို လျှို့ဝှက်ထောက်လှမ်းခြင်းသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်အပြင် အခြားလူ့အခွင့်အရေးများအတွက်ပါ ကြီးမားသောစိုးရိမ်ဖွယ်ရာများ ဖြစ်ပေါ်စေသည်။ လက်ရှိအချိန်၌ မြန်မာနိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ(SAC) ဟုခေါ်သည့် စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများကို ဟန့်တားနိုင်သည့် ကျယ်ကျယ်ပြန့်ပြန့်လွှမ်းခြုံမှုရှိသော ဥပဒေမူဘောင်တစ်ခု မရှိနေပါ။ ယင်းအစား SAC သည် ပြည်သူများကို လျှို့ဝှက်ထောက်လှမ်းရန်နှင့် ပြည်သူများ၏ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ဖိနှိပ်ကန့်သတ်ရန် ဥပဒေအစီအမံများကိုပင် ထပ်မံဖန်တီးနေသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာသိမ်းပြီးချိန်မှစ၍ SAC သည် ဘေးကင်းလုံခြုံရေးအစီအမံများနှင့် ကြီးကြပ်စောင့်ကြည့်မှုမရှိဘဲ အချက်အလက်များကို ကြားဖြတ်ဖောက်ဝင်ဆောင်ရွက်ခွင့်ရပြီး မြန်မာပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ချိုးဖောက်ရန်အတွက် ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများကို အသစ်ပြဋ္ဌာန်း၊ ပြင်ဆင်၊ သို့မဟုတ် အသက်သွင်းလာခဲ့သည်။

ICT နယ်ပယ်သည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် အွန်လိုင်းကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ကာကွယ်ရာတွင် အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ရုံသာမက ICT နယ်ပယ်ကိုယ်တိုင်ကပင် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဥပဒေတို့ကို လေးစားလိုက်နာရမည့် ၎င်းတို့၏တာဝန်ဝတ္တရားကို ထမ်းဆောင်ရန်လည်း မဖြစ်မနေ လိုအပ်သည်။ စစ်ဘက်၊ အရပ်ဘက် နှစ်မျိုးသုံး နည်းပညာများ ရောင်းချနေသည့် ICT ပံ့ပိုးမှုလုပ်ငန်းများနှင့် ကုမ္ပဏီများအဖို့ မြန်မာနိုင်ငံ၏လူ့အခွင့်အရေးအပေါ် ရိုက်ခတ်နိုင်သည့်အန္တရာယ်မှာ အလွန့်အလွန် မြင့်မားနေသည်။ ပဋိပက္ခဒဏ်သင့်နေသည့် မြန်မာနိုင်ငံ၏နောက်ခံဆက်စပ်အခြေအနေတွင် စီးပွားရေးလုပ်ငန်းများသည် ပဋိပက္ခအရေး အလေးထားလေ့လာသုံးသပ်ချက် ပါဝင်သည့် သာမန်ထက်ပိုသော ဖြစ်နိုင်ခြေနှင့်အမှန်တကယ်ကျရောက်နိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ ရိုက်ခတ်မှုများကို စီမံမှု (heightened human rights due diligence) တစ်ရပ်နှင့် ကိုက်ညီရမည်ဖြစ်သည်။

ဤအစီရင်ခံစာတွင်

- မြန်မာနိုင်ငံရှိ လက်ရှိလျှို့ဝှက်ထောက်လှမ်းမှုအခြေအနေနှင့် ပြည်သူများ၏ရပိုင်ခွင့်ကို ချိုးဖောက်ရန် စစ်ကောင်စီ၏ ICT ကုမ္ပဏီများထံမှ ပုဂ္ဂိုလ်ရေးအချက်အလက်များ ရယူနိုင်စွမ်းတို့ကို ဖော်ပြထားသည်၊
- ICT ကုမ္ပဏီများ ၎င်းတို့၏ စီမံကိန်းအကောင်အထည်ဖော်ဆောင်ရာ၌ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့် အခြားလူ့အခွင့်အရေးများကို လေးစားလိုက်နာရေးအပေါ် လက်ရှိစည်းမျဉ်းစည်းကမ်းမူဘောင်များကြောင့် ဖြစ်ပေါ်နေသည့် စိန်ခေါ်မှုများကို လေ့လာစစ်ဆေးထားသည်၊
- မြန်မာနိုင်ငံတွင်လုပ်ကိုင်ဆောင်ရွက်နေသည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ (CSO) များအတွက် တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံရေး မဟာဗျူဟာတစ်ရပ်ကို အကြံပြုထားသည်။

CSO များအနေဖြင့် အောက်ပါအဆင့်များကို လုပ်ဆောင်သင့်သည်ဟု ARTICLE 19 မှ အကြံပြုတိုက်တွန်းသည် -

**အကြံပြုတိုက်တွန်းချက် ၁ - နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံရန်၊**

**အကြံပြုတိုက်တွန်းချက် ၂ - Freedom Online Coalition နှင့် တွဲဘက်လုပ်ဆောင်ရန်၊**

**အကြံပြုတိုက်တွန်းချက် ၃ - မြန်မာပြည်သူများအကြား လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်၊ အချက်အလက်ကာကွယ်ရေးအကြောင်း အသိပညာပေးလုပ်ငန်းမြှင့်တင်ရန်၊**

**အကြံပြုတိုက်တွန်းချက် ၄ - ပုဂ္ဂိုလ်ရေးအချက်အလက်များနှင့်ငွေကြေးသုံးစွဲဝယ်ယူမှုများကို လုံခြုံအောင် လုပ်ဆောင်ရန်၊**

**အကြံပြုတိုက်တွန်းချက် ၅ - လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အန္တရာယ်ကျရောက်နိုင်ခြေများကို ပြည် တွင်းစီးပွားရေးလုပ်ငန်းများနှင့် တို့ထိဆွေးနွေးရန်၊**

**အကြံပြုတိုက်တွန်းချက် ၆ - မြန်မာနိုင်ငံတွင် လည်ပတ်နေသော ကုမ္ပဏီများနှင့် ထိတွေ့ဆက်ဆံရန်အတွက် နိုင်ငံ တကာစံနှုန်းများနှင့် လုပ်ငန်းနယ်ပယ်ကဦးဆောင်ထိန်းကျောင်းသည့် လုပ်ငန်းစဉ်များကို အသုံးပြုရန်၊**

**အကြံပြုတိုက်တွန်းချက် ၇ - ကုမ္ပဏီများကိုစည်းရုံးလှုံ့ဆော်ရန်အတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဗျူဟာတစ်ရပ် ရေးဆွဲရန်၊**

**အကြံပြုတိုက်တွန်းချက် ၈ - လူ့အခွင့်အရေးဗဟိုပြု တာဝန်ယူမှုရှိသော ကုမ္ပဏီများကို ရှာဖွေဖော်ထုတ်ပြီး ထိတွေ့ဆက်ဆံရန်၊**

**အကြံပြုတိုက်တွန်းချက် ၉ - တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် လူ့အခွင့်အရေးကိုလေးစားမှုရှိစေရေး စည်းရုံးလှုံ့ဆော်ရန်၊**

**အကြံပြုတိုက်တွန်းချက် ၁၀ - ဖြစ်နိုင်ခြေနှင့်အမှန်တကယ်ကျရောက်နိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ ရိုက်ခတ်မှုများကို သာမန်ထက်ပိုသော စီမံမှုလုပ်ငန်းစဉ် ဖော်ဆောင်ရန်အတွက် စီးပွားရေးလုပ်ငန်းများကို တောင်းဆိုရန်၊**

**အကြံပြုတိုက်တွန်းချက် ၁၁ - ပဋိပက္ခလေ့လာသုံးသပ်ချက်နှင့် ဒေသန္တရကျွမ်းကျင်မှုတို့၏ အရေးပါမှုကို အလေးထားရန်၊**

**အကြံပြုတိုက်တွန်းချက် ၁၂ - တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်းများနှင့် အနှစ်သာရရှိရှိ ဆွေးနွေးရာတွင် ပါဝင်ရန်၊**

စီးပွားရေးလုပ်ငန်းများကိုလည်း အောက်ပါအဆင့်များ လုပ်ဆောင်ရန် မိမိတို့မှ အကြံပြုတိုက်တွန်းသည် -

**အကြံပြုတိုက်တွန်းချက် ၁၃ - အစိုးရနှင့် စီးပွားရေးပတ်သက်ဆက်နွယ်မှုများအပေါ် ဩဇာလွှမ်းမိုးရန်အတွက် ဖိအားပေးနိုင်မှု အရှိန်အဝါကို အကျိုးရှိရှိ အသုံးချရန်၊**

**အကြံပြုတိုက်တွန်းချက် ၁၄ - ရင်းနှီးမြှုပ်နှံမှုဖျက်သိမ်းရေး နည်းလမ်းများနှင့် တာဝန်ယူမှုရှိသော ရုပ်သိမ်းမှုများအရေးကို ဆွေးနွေးရန်၊**

# နိဒါန်း

ဒစ်ဂျစ်တယ်နည်းပညာသည် မြန်မာနိုင်ငံသို့ နောက်ကျပြီးမှ ရောက်ရှိခဲ့သည်။ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT)နယ်ပယ်အတွင်း ရင်းနှီးမြှုပ်နှံမှုများသည် ၂၀၁၂ ခုနှစ်တွင် စမတ်ဖုန်းနှင့် အင်တာနက်ရရှိမှု တဟုန်ထိုးဖွံ့ဖြိုးမှုဖြင့် တာထွက်လာခဲ့သည်။ ကုမ္ပဏီကြီးအနည်းငယ်၏ နှိုက်နှိုက်ချွတ်ချွတ် အချက်အလက်ကောက်ယူသည့် လုပ်ထုံးလုပ်နည်းများဖြင့် မောင်းနှင်ထိန်းကျောင်းသော ကမ္ဘာလုံးဆိုင်ရာစီးပွားရေးဇာတ်ခုံပေါ်သို့ မြန်မာနိုင်ငံသည်လည်း ရောက်ရှိလာခဲ့သည်။ ဤအချက်အလက်စီးပွားရေးလောကသည် မည်သည့်အခြေအနေတွင်မဆို လူ့အခွင့်အရေးနှင့်ပတ်သက်၍ အလေးအနက်မေးခွန်းများကို ဖြစ်ပေါ်စေသည့်တိုင် အာဏာရှင်စနစ်အလွန်ကြီးစိုးသည့်စနစ်များတွင်မူ ယင်းသည် သေရေးရှင်ရေးကိစ္စ ဖြစ်လာသည်။ မြန်မာနိုင်ငံ၌ စစ်ကောင်စီသည် မြန်မာပြည်သူများ အွန်လိုင်းပေါ်တွင်မျှဝေနေသည့် ပုဂ္ဂိုလ်ရေးအချက်အလက်များနှင့် သတင်းအချက်အလက်များကို အသုံးချ၍ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့် လွတ်လပ်ခွင့်ထုတ်ဖော်ပြောဆိုခွင့်တို့ကို ယခင်က တစ်ခါမျှမတွေးခဲ့ဖူးသည့် အဆင့်တစ်ခုထိ အသက်အန္တရာယ်ကျရောက်နိုင်မည့် အကျိုးဆက်များဖြစ်ပေါ်စေနိုင်သော ပုံစံတစ်ခုဖြင့် ချိုးဖောက်နေသည်။ ၂၀၂၂ ခုနှစ်တွင် ကုလသမဂ္ဂလူ့အခွင့်အရေးကျွမ်းကျင်ပညာရှင်များသည် မြန်မာစစ်ကောင်စီ၏ 'ဒစ်ဂျစ်တယ်အာဏာရှင်စနစ်' တည်ထောင်ရန် ကြိုးပမ်းနေမှုကို ဝေဖန်ရှုတ်ချခဲ့သည်။

ဤအစီရင်ခံစာသည် အလွန်နှံ့အလွန်စိန်ခေါ်မှုများသည့် ဤအခြေအနေများတွင် နည်းပညာကုမ္ပဏီများနှင့် မည်သို့ထိတွေ့ဆက်ဆံရမည်ကို စဉ်းစားသုံးသပ်နေကြရသော မြန်မာနိုင်ငံ ပြည်တွင်း၊ ပြည်ပရှိ အရပ်ဘက်လူမှုတက်ကြွလှုပ်ရှားများသူအတွက် ရည်ရွယ်သည်။ ၎င်းတို့နှင့် တွေ့ဆုံမေးမြန်းမှု၊ ဆွေးနွေးတိုင်ပင်မှုများမှတစ်ဆင့် ယင်းကို အသိပေးခဲ့သည်။

ပထမဦးစွာ အချက်အလက်စီးပွားရေး၏သဘောသဘာဝရှိ ပြဿနာများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ၏ လျှို့ဝှက်ထောက်လှမ်းမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများတွင် အဆိုပါပြဿနာများကို အသုံးချနိုင်စွမ်း တို့ကို ဤအစီရင်ခံစာတွင် ဖော်ပြထားသည်။ လက်ရှိအချိန်တွင် စစ်ကောင်စီ၏ လုပ်ဆောင်နိုင်စွမ်းသည် လူ့အဖွဲ့အစည်းတစ်ခုလုံးစာ ကြိုတင်တွက်ဆသည့် အချက်အလက်လေ့လာသုံးသပ်ချက် လုပ်ဆောင်နိုင်သည့်အထိ မရှိသေးသော်လည်း စစ်ကောင်စီသည် ယင်းလေ့လာသုံးသပ်ချက်ကိုလုပ်ဆောင်နိုင်မည့် နည်းပညာကို ဝယ်ထားပြီး ဖြစ်သလို လူတစ်ဦးချင်းဦးတည်ပစ်မှတ်ထားမည့် ဟက်ကင်းနည်းပညာနှင့် စပိုင်ဝဲ(Spyware)များ ဖြန့်ကျက်ထားပြီး ဖြစ်သည်။ မိုဘိုင်းဖုန်းကိရိယာ၏ International Mobile Equipment Identity (IMEI) နံပါတ်နှင့် ဖုန်းဆင်းကတ် မဖြစ်မနေ မှတ်ပုံတင်ရန် စီစဥ်ချမှတ်ကာ နောက်ထပ်လျှို့ဝှက်ထောက်လှမ်းမှုများ အခွင့်အလမ်းရရန် လုပ်ဆောင်လာနေခဲ့သည်။

မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေး ယန္တရားများကို မည်သည့်အခါကမျှ မတည်ထောင်ဖြစ်ခဲ့သည့်အတွက် မည်သည့်အရာမဆို ဖြစ်သွားနိုင်သည်။ အစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အမှီအခိုကင်းစွာ ကြီးကြပ်စောင့်ကြည့်နိုင်စွမ်းရှိသည့် မျှတသောတရားစီရင်မှုဆိုင်ရာ စံနှုန်းများအပေါ်တွင် အခြေခံထားသည့် တရားစီရင်မှုစနစ်သည် မြန်မာနိုင်ငံတွင် မည်သည့်အခါကမျှ လည်ပတ်ခဲ့ခြင်းမရှိသည့်အတွက် အုပ်ချုပ်သူအစိုးရသည် အပြစ်ဒဏ်မှအမြဲကင်းလွတ်နေခဲ့သည်။ တရားဥပဒေစိုးမိုးရေးသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ အာဏာ

သိမ်းမှု မတိုင်ခင်ကတည်းက ချိနဲ့နေခဲ့ပြီး ပို၍ ယေဘုယျကျကျ ပြောရလျှင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် စပ်လျဉ်း၍ဖြစ်စေ၊ အချက်အလက်ကာကွယ်ရေးနှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့် စပ်လျဉ်း၍ဖြစ်စေ လူ့အခွင့်အရေး ဘေးကင်းလုံခြုံရေးအစီအမံများလည်း မရှိနေပါ။

ဒုတိယအနေဖြင့် မြန်မာနိုင်ငံ၏ဥပဒေမူဘောင်၏ နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် စိုးရိမ်ဖွယ်ရာ စံမမီလွဲချော်နေမှုပမာဏကို ဤအစီရင်ခံစာ၌ မီးမောင်းထိုးတင်ပြထားသည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ စစ်အာဏာသိမ်းပြီးနောက်ပိုင်း ဒစ်ဂျစ်တယ်နည်းပညာနှင့် အချက်အလက်ကာကွယ်ရေးတို့မှ မြစ်ဖျားခံသော လူ့အခွင့်အရေးအန္တရာယ်ကျရောက်နိုင်ခြေသည် အလွန်အမင်း မြင့်တက်လာနေပြီး၊ အရေးပေါ်နှင့် စဥ်ဆက်မပြတ် ဂရုစိုက်ထားရန် လိုအပ်နေသည်။ ကုမ္ပဏီများ၏လက်ဝယ်ရှိ ပုဂ္ဂိုလ်ရေးအချက်အလက်များကို မြန်မာစစ်တပ်က ရရှိသွားခဲ့မည်ဆိုပါက 'ချုပ်နှောင်ဖမ်းဆီးခံရခြင်း သို့မဟုတ် ညှဥ်းပန်းနှိပ်စက်ခံရခြင်းနှင့် အသတ်ခံရသည်အထိပင် ဖြစ်သွားနိုင်သည်'။ ယင်းအပြင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့် ချိုးဖောက်မှုကိုလည်း ဦးတည်နိုင်သည်။ ယင်းကဲ့သို့သော နောက်ခံအခြေအနေများတွင် ICT ပံ့ပိုးမှုလုပ်ငန်းများသည် နိုင်ငံတကာလူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာဥပဒေ ချိုးဖောက်မှုကို တစ်ဘက်တစ်လမ်းမှ အထောက်အကူ ပိုမိုဖြစ်နေနိုင်ရာ ဖြစ်နိုင်ခြေနှင့်အမှန်တကယ်ကျရောက်နိုင်သည့် လူ့အခွင့်အရေးဆိုင်ရာရိုက်ခတ်မှုများအား သာမန်ထက်ပိုသော စီမံမှု (Heightened Human Rights Due Diligence)ကို ကျင့်သုံးရမည်ဖြစ်သည်။ မြန်မာနိုင်ငံရှိ တယ်လီဆက်သွယ်ရေးနယ်ပယ်တွင် အချို့သော စီးပွားရေးလုပ်ငန်းများက HRDD ကို ကျင့်သုံးသည့်တိုင် စီးပွားရေးလုပ်ငန်း အနည်းငယ်မှာ ပဋိပက္ခ၊ မတည်ငြိမ်မအေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုနိမ့်ကျခြင်းနှင့် ထိရောက်သော လူ့အခွင့်အရေးဆိုင်ရာ ကြီးကြပ်စောင့်ကြည့်မှု ကင်းမဲ့နေခြင်းတို့နှင့် သက်ဆိုင်သည့် သီးခြားအန္တရာယ်များကို ထည့်သွင်းတွက်ဆနေကြသည်။ ထိုထက်ပို၍အနည်းငယ်သောလုပ်ငန်းများမှာ ဥပဒေအရလည်းကောင်း၊ တပ်အမိန့်အရ သော်လည်းကောင်း စစ်တပ်က အချက်အလက်များကို တိုက်ရိုက်ရယူသွားနိုင်မည့် အခြေအနေတွင် အသုံးပြုသူများ၏ ရပိုင်ခွင့်အတွက် အလေးပေးစဥ်းစားနေကြသည်။

လူ့အခွင့်အရေးကိုလေးစားရန် ကြိုးပမ်းနေသော အဆိုပါနည်းပညာကုမ္ပဏီများသည် နိုင်ငံတကာစံနှုန်းများကို ချိုးဖောက်နေသည့် ပြည်တွင်းဥပဒေမူဘောင်ကို အခြေခံသည့် ဥပဒေအရတောင်းဆိုသတ်မှတ်ချက်များနှင့် ရင်ဆိုင်ကြရသည်။ ပုဂ္ဂလိကလုပ်ငန်းနယ်ပယ်သည် လူ့အခွင့်အရေးဆိုင်ရာ ဘေးကင်းလုံခြုံရေးအစီအမံများ လက်ရှိတွင် ပါဝင်မနေသော စည်းမျဉ်းစည်းကမ်းများကို ပြုပြင်ပြောင်းလဲရန်အတွက် ၎င်းတို့၏ ဖိအားပေးနိုင်မှုအရှိန်အဝါကို အသုံးချနိုင်မနိုင်ကို ဆုံးဖြတ်ရန် လိုအပ်သည်။ ဤအစီရင်ခံစာသည် သာမန်ထက်ပိုသည့် HRDD လုပ်ငန်းစဥ်တွင် ပါဝင်ထင်ဟပ်နေသော၊ ပဋိပက္ခအခြေအနေတစ်ရပ်ရှိ ကုမ္ပဏီများ၏ သာမန်ထက်ပိုသည့် တာဝန်များကို ဖော်ပြထားသည်။ ICT စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏လုပ်ငန်းလည်ပတ်မှုအပေါ် လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှုများသာမက ၎င်းတို့၏ တည်ရှိမှု၊ ဖိအားပေးနိုင်မှုအရှိန်အဝါနှင့် ပဋိပက္ခနှင့် ပိုမိုကျယ်ပြန့်သော လူ့အဖွဲ့အစည်းတစ်ခုလုံးအပေါ် သက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဥ်းစားရမည် ဖြစ်သည်။

တတိယအနေဖြင့် မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်း (CSO) များနှင့် ကျယ်ကျယ်ပြန့်ပြန့် တွေ့ဆုံမေးမြန်းမှုများပေါ်တွင် အခြေခံကာ ICT ကုမ္ပဏီများနှင့် ထိတွေ့ဆက်ဆံရန်အတွက် စည်းရုံးလှုံ့ဆော်ရေးမဟာဗျူဟာတစ်ရပ်နှင့် ပါဝင်ပတ်သက်သူ(stakeholder)များနှင့် နီးနှောတိုင်ပင်ဆွေးနွေးမှု အခြားသောပုံစံများကို ဤအစီရင်ခံစာတွင် ဖော်ပြထား

သည်။ ၎င်းတို့သည် သာမန်မည်ကာမတ္တဆွေးနွေးမှုထက်သာလွန်ပြီး၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ICT ကုမ္ပဏီများနှင့် ထိတွေ့ဆက်ဆံနိုင်သလို ICT ရင်းနှီးမြှုပ်နှံမှုများ၊ လုပ်ငန်းစီမံလည်ပတ်မှုများနှင့် ကုမ္ပဏီများ ရုပ်သိမ်းထွက်ခွာခြင်းများ လုပ်ဆောင်နေစဉ်အတောအတွင်း HRDD လုပ်ငန်းစဉ်များအတွက် အရေးကြီးသော အခန်းကဏ္ဍမှ ပါဝင်နိုင်မည့် နည်းလမ်းများကိုလည်း အကြံပြုထားသည်။ ယင်းအပြင် ပူးပေါင်းဆောင်ရွက်မှုမရှိသည့် ICT ကုမ္ပဏီများကို ဦးတည်ပစ်မှတ်ထားမည့် တာဝန်ယူမှုတာဝန်ခံမှုတောင်းဆိုသော ကမ်ပိန်းများနှင့် HRDD လုပ်ငန်းစဉ်တွင် ပါဝင်လိုစိတ်ရှိသည့် လုပ်ငန်းများနှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်မှုကို အကျိုးရှိရှိအသုံးချရန်လည်း အကြံပြုတိုက်တွန်းထားသည်။ တာဝန်ယူမှုရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းသည် ICT အချက်အလက်များအရေးတွင် အစိုးရ၏ ဝင်ရောက်စွက်ဖက်မှုကို တားဆီးရန်နှင့် ခိုင်မာသောအချက်အလက်ကာကွယ်ရေးဥပဒေများကို ကြီးကြပ်စောင့်ကြည့်မှုဖြင့် မြှင့်တင်ရန် စိတ်အားထက်သန်မှု ရှိသည်။[1]

နောက်ဆုံးအနေဖြင့် ARTICLE 19 သည် ဒစ်ဂျစ်တယ်ခေတ်တွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့် လူ့အခွင့်အရေးတို့ကို ကာကွယ်စောင့်ရှောက်ပေးသည့် တရားဥပဒေစိုးမိုးရေးကိုအလေးထားသော ICT နယ်ပယ်တစ်ခု ဖြစ်ပေါ်လာရေး တွန်းအားပေးရန် အရပ်ဘက်လူမှုအသိုင်းအဝိုင်း၊ ပုဂ္ဂလိကစီးပွားရေးနယ်ပယ်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းများအကြား ပူးပေါင်းဆောင်ရွက်ရန် အကြံပြုထားသည်။

[1] ARTICLE 19 သည် 'တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများ'ဟူသော အသုံးအနှုန်းကို လူ့အခွင့်အရေးကိုလေးစားလိုစိတ်ရှိသည့် ကုမ္ပဏီများကို ရည်ညွှန်းရန် သုံးစွဲလေ့မရှိသော်လည်း အာဏာရှင်စနစ်ကျင့်သုံးသည့် နောက်ခံအခြေအနေတွင် အရှေ့တောင်အာရှနိုင်ငံများသည် အစိုးရ၏စိစစ်ဖြတ်တောက်မှုကို ရှောင်ရှားရန် လူ့အခွင့်အရေးဘာသာစကား အသုံးအနှုန်းအစား ဤအသုံးအနှုန်းကို တွင်တွင်ကျယ်ကျယ်သုံးလေ့ရှိကြရာ မိမိတို့သည် ဤအသုံးအနှုန်းကို ဤအစီရင်ခံစာတွင် သုံးစွဲထားသည်။ 'တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်း'ဆိုသည်မှာ ယေဘုယျအားဖြင့် ကျင့်ဝတ်နှင့်ညီသော စီမံအုပ်ချုပ်မှု၊ အနိမ့်ဆုံးလျှော့ချထားသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှု၊ လူမှုဖူလုံရေးတွင် တစ်ထောင့်တစ်နေရာမှ ပါဝင်မှု၊ ရေရှည်တည်တံ့သော စီးပွားရေးအထောက်အပံ့၊ ပါဝင်ပတ်သက်သူများနှင့် ထိတွေ့ဆက်ဆံမှု၊ နှင့် သာလွန်ဥပဒေစံနှုန်းများတို့မှတစ်ဆင့် လူ့အဖွဲ့အစည်း၊ သဘာဝပတ်ဝန်းကျင်နှင့် စီးပွားရေးတို့ကို အပေါင်းသဘောသက်ရောက်မှုများ ပြုလုပ်အားထုတ်နေသည့် ကုမ္ပဏီများကို ရည်ညွှန်းသည်။ အာရှ-ပစိဖိတ်ဒေသတွင် ထိုင်း၊ ဂျပန်၊ ပါကစ္စတန်ကဲ့သို့သော နိုင်ငံများသည် တာဝန်ယူမှုရှိသောစီးပွားရေးအလေ့အထများ မြှင့်တင်ရန် နိုင်ငံအဆင့်လုပ်ငန်းအစီအစဉ်များ ရေးဆွဲထားပြီ ဖြစ်သည်။ ယင်းလုပ်ငန်းအစီအစဉ်များသည် ကုလသမဂ္ဂ စီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန်မှုမူဝါဒများကဲ့သို့ နိုင်ငံတကာမူဘောင်များနှင့်အညီ  ကျင့်ဝတ်နှင့်ညီသော စီမံအုပ်ချုပ်မှု၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကြီးကြပ်မှုနှင့် လူမှုတာဝန်ယူမှုတို့ကို ဖော်ဆောင်ပေးသည်။

## အရေးကိစ္စ။ ။ မြန်မာနိုင်ငံရှိ လျှို့ဝှက်ထောက်လှမ်းမှုနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ

အချက်အလက်များက ဦးဆောင်မောင်းနှင်သည့် စီးပွားရေးနယ်ပယ်၏ သဘောသဘာဝဆိုသည်မှာ အစိုးရများက အများပြည်သူဆိုင်ရာရပ်ဝန်းများနှင့် အွန်လိုင်းပေါ်၌ ပြည်သူများကို ယနေ့အချိန်တွင် အလွယ်တကူစောင့်ကြည့်နေနိုင်ခြင်းကို ဆိုလိုသည်။ အစိုးရများသည် လူမှုမီဒီယာအချက်အလက်ခွဲခြမ်းစိတ်ဖြာသုံးသပ်သည့် ဆော့ဖ်ဝဲ (Software) မှအစ ICT ပံ့ပိုးမှုလုပ်ငန်းများ စုဆောင်းထားသည့် အလွန်များပြားသော ပုဂ္ဂိုလ်ရေးအချက်အလက်များကို တိုက်ရိုက်ရယူစေနိုင်သည့် ဟက်ကင်းနည်းပညာသုံးကိရိယာများနှင့် မဖြစ်မနေ အချက်အလက်သိမ်းဆည်းသိုမှီးထားမှုဆိုင်ရာဥပဒေများအလယ် ပြည်သူများ၏ ကိုယ်ရေးမှတ်တမ်းတည်ဆောက်ရာတွင်သုံးစွဲသည့် မျက်နှာစိစစ်အတည်ပြုလျှို့ဝှက်ထောက်လှမ်းမှုအဆုံး၊ အရင်းအမြစ်များစွာကို ပေါင်းစပ်သုံးစွဲနိုင်သည်။ အစိုးရများစွာသည် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၏ ‘ဥပဒေနှင့်အညီ ကြားဖြတ်ဖောက်ဝင်ဆောင်ရွက်မှု’ကို ခွင့်ပြုသလို ကိုယ်တိုင်လည်း အသုံးပြုသူ အချက်အလက်များကို တိုက်ရိုက်ရယူရန် ကုမ္ပဏီများထံ ပန်ကြား သို့မဟုတ် အမိန့်ထုတ်နိုင်သည်။ တိုက်ရိုက် လက်လှမ်းမီရရှိရေးအစီအမံများသည် ပုံစံကွဲပြားပြီး၊ အစိုးရများသည် အသုံးပြုသူရပိုင်ခွင့်၏ အရေးကြီးသောအဆင့်တစ်ခုကို ဖယ်ရှားကာ ICT ကုမ္ပဏီ၏ အစိုးရက အချက်အလက်များရယူနေမှုအပေါ် စိစစ်ခြင်း၊ မေးခွန်းထုတ်ခြင်း၊ အသုံးပြုသူများကို အသိပေးခြင်း သို့မဟုတ် အများပြည်သူရှေ့ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ပေးခြင်း လုပ်ဆောင်နိုင်စွမ်းတို့ကို ကန့်သတ်ကြသည်။ အစိုးရများသည် အတိုက်အခံဝေဖန်သူများကို မည်သူမည်ဝါအဖြစ် ရှာဖွေဖော်ထုတ်ရန်အတွက် ၎င်းတို့စုဆောင်းထားသော အချက်အလက်များကို သို့မဟုတ် ကုမ္ပဏီများကဝန်ဆောင်မှုပေးသည့် လျှို့ဝှက်ထောက်လှမ်းရေးဝန်ဆောင်မှုများကို အသုံးပြုနိုင်သည့်အတွက် ရလဒ်အနေဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများ၊ သတင်းသမားများနှင့် တက်ကြွလှုပ်ရှားသူများ ဖမ်းဆီး၊ ချုပ်နှောင်ခံရခြင်းဖြစ်စေ၊ လူနည်းစုများနှင့် ဖယ်ကြဉ်ခံလူမှုအသိုင်းအဝိုင်းများအပေါ် အချိုးအစားမညီမျှစွာ ဦးတည်ပစ်မှတ်သည့် အစီအမံများကို အသုံးပြုနိုင်လာသည်။ အာဏာပိုင်များသည် ဝေဖန်သော သို့မဟုတ် အာဏာဖီဆန်သော အတွေးအမြင်များကို ဖိနှိပ်ဖယ်ရှားရန်အတွက် အကြမ်းဖက်မှု တန်ပြန်နှိမ်နှင်းရန်အတွက်လိုအပ်သည်ဟု အကြောင်းပြကာ စစ်ဘက်အရပ်ဘက် နှစ်ဘက်သုံး ကြားဖြတ်ဖောက်ဝင်ဆောင်ရွက်ရေးသုံး စပိုင်ဝဲ (spyware) များကို မကြာခဏသုံးစွဲသည်။ ဘေးကင်းလုံခြုံရေးအစီအမံများမရှိဘဲ အတည်ပြုဖော်ထုတ်၊ အကဲဖြတ်ဆန်းစစ်သည့် ကြိုတင်ခန့်မှန်းတွက်ဆသုံးသပ်ချက်များနှင့် ပေါင်းစပ်ထားသော အချက်အလက်ထိန်းကျောင်းမောင်းနှင်သည့် စနစ်တကျ အစုလိုက်အပြုံလိုက် လျှို့ဝှက်ထောက်လှမ်းမှုသည် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ချိုးဖောက်မှုမြောက်နိုင်သည်။ ယင်းချိုးဖောက်မှုသည် အထက်ပါရပိုင်ခွင့်များနှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အပါအဝင် အခြားသောရပိုင်ခွင့်များကို ပြည်သူများ ကျင့်သုံးသည့်အပေါ် ဥပဒေအရ တရားဝင်လျှင်ပင် အကျိုးဆက်တစ်စုံတစ်ခုခံစားရမည်စိုး၍ မလုပ်ရဲစေတော့သည်ထိ ကြီးမားသော ကြောက်ရွံ့မှုဆိုးကျိုးရှိလာစေနိုင်သည်။

မြန်မာနိုင်ငံရှိ စစ်ကောင်စီသည် ၎င်းတို့အနက် တစ်ခုဖြစ်၏။ မြန်မာစစ်တပ်သည် ၂၀၁၈ ခုနှစ်ကတည်းက ဟက်ကင်းနှင့်အွန်လိုင်းလျှို့ဝှက်ထောက်လှမ်းမှုနည်းပညာများ ဝယ်ယူရရှိလာခဲ့သည်။ စစ်တပ်က ပစ္စည်းများဝယ်ယူရာ၌ Apple ထုတ်ကုန်များကို ဟက်နိုင်သည့် MacQuisition ဆေးမှုခင်းဆိုင်ရာ ဆော့ဝဲနှင့် ကိရိယာတွင်းမှ ပုံ/စာ အကြောင်းအရာများကို ထုတ်ယူနိုင်သည့် MSAB Field စက်များလည်း ပါဝင်သည်။ နိုင်ငံရေးအတိုက်အခံများကို ထိန်းချုပ်ရန်၊ ဆန္ဒပြပွဲများကို တားဆီးရန်နှင့် အာဏာဖီဆန်မှုများကို တားဆီးရန်အတွက် တယ်လီကွန်းနှင့် အင်တာနက်ဝန်ဆောင်မှုလုပ်

ငန်းများကို နိုင်ငံသားများ၏ ဆက်သွယ်ပြောဆိုမှုကို အစိုးရက ကြားဖြတ်နားထောင်နိုင်သည့် ကြားဖြတ်ဖောက်ဝင် စပိုင်ဝဲများကို တပ်ဆင်တင်သွင်းထားရန် အမိန့်ပေးခဲ့သည်။ နော်ဝေကုမ္ပဏီ Telenor သည် ၂၀၂၀ ပြည့်နှစ်တွင် ယခင် အစိုးရ၏ 'မိုဘိုင်းအော်ပရေတာတစ်ခုစီတိုင်းနှင့် ISP များ (အင်တာနက်ဝန်ဆောင်မှုလုပ်ငန်းများ)၏ စနစ်များကို ဖြစ် စဥ်တစ်ခုချင်းအလိုက်ခွင့်ပြုချက်ဖြင့် မဟုတ်ဘဲ တိုက်ရိုက်ရယူမည့်' အစီအစဥ်နှင့်ပတ်သက်ပြီး စိုးရိမ်ပူပန်ကြောင်း ပြည်သူများကို သတိပေးခဲ့ဖူးသည်။ မြန်မာနိုင်ငံတွင် အသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာရပိုင်ခွင့်နှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ပေးသည့် ဥပဒေနှင့် စည်းမျဥ်းစည်းကမ်းများ မရှိနေခြင်းကို Telenor က သတိပြုမိ သည်။ သို့ရာတွင် အခြားကုမ္ပဏီများသည် SAC ၏ စွမ်းဆောင်နိုင်စွမ်းကို အထောက်အကူပြုနေသည်။ ၂၀၁၇ ခုနှစ်တွင် ရိုဟင်ဂျာမူဆလင်များအပေါ် စစ်တပ်က ရာဇဝတ်မှုများကျူးလွန်ပြီးနောက် အရေးယူပိတ်ဆို့မှုများ ချမှတ်ခဲ့သော် လည်း အစ္စရေး၊ အမေရိကန်နှင့် ဥရောပကုမ္ပဏီများ ဖန်တီးထားသည့် စစ်ဘက်အရပ်ဘက် နှစ်ဘက်သုံး လျှို့ဝှက် ထောက်လှမ်းရေးနည်းပညာများ မြန်မာနိုင်ငံသို့ ရောင်းချနေခဲ့သည်။ အာဏာသိမ်းမှုမတိုင်ခင်နှစ်များတွင် စစ်တပ် သည် အစိုးရအတိုက်အခံများကို စောင့်ကြည့်ရန် ပုဂ္ဂလိကလျှို့ဝှက်ထောက်လှမ်းရေးကုမ္ပဏီနှစ်ခုဖြစ်သည့် အစ္စရေး ကုမ္ပဏီ Cellebrite ကို ၂၀၁၆ နှင့် ၂၀၁၈ အတွင်းလည်းကောင်း၊ ဂျာမန်ကုမ္ပဏီ Finfisher တို့ကို ၂၀၁၉ ခုနှစ်တွင် လည်း ကောင်း အလုပ်အပ်ခဲ့သည်။ ၂၀၁၇ ခုနှစ်တွင် အစ္စရေးဗဟိုတရားရုံးချုပ်က ဆုံးဖြတ်ချက်ချမှတ်ပြီးနောက် အစ္စရေး သည် မြန်မာနိုင်ငံသို့ ကာကွယ်ရေးနည်းပညာများ ပေးပို့လွှဲပြောင်းမှုကို ရပ်နားလိုက်ပြီဟု ကြေညာခဲ့သော်လည်း အာ ဏာမသိမ်းမီ တစ်လအလိုတွင် အစ္စရေးနိုင်ငံမှ Cognyte Software သည် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း (MPT)သို့ ကြားဖြတ်ဖောက်ဝင်ဆောင်ရွက်နိုင်သည့် စပိုင်ဝဲရောင်းချရန် တင်ဒါခေါ်ယူမှုတွင် အနိုင်ရခဲ့ကြောင်း ၂၀၂၃ ခုနှစ် ဇန်နဝါ ရီလတွင် အမှုဖွင့်သည့် တရားစွဲဆိုမှုတွင် ပါဝင်သောအချက်များအရ သိရသည်။ စစ်တပ်သည် ၂၀၂၁ ခုနှစ် အာဏာသိမ်း မှုကို ဆန့်ကျင်ဆန္ဒပြသည့် ပြည်သူများ၏ ကိရိယာများထံမှ အချက်အလက်များကို ရယူရန် အစ္စရေး၊ အမေရိကန်နှင့် ဆွီဒင်ကုမ္ပဏီတို့ထံမှ ဝယ်ယူခဲ့သည့် အချက်အလက်ထုတ်ယူသည့်နည်းပညာများကို အသုံးပြုခဲ့ဖွယ် ရှိသည်။

အာဏာသိမ်းပြီးနောက် စစ်ကောင်စီသည် ပုဂ္ဂလိက အီလက်ထရောနစ်ကုမ္ပဏီများကို အွန်လိုင်းနှင့် ဒစ်ဂျစ်တယ် လျှို့ ဝှက်ထောက်လှမ်းမှုမှတစ်ဆင့် လက်ရှိတွင် ပုံမှန်စောင့်ကြည့်နေသည်။ ဒီမိုကရေစီလိုလားထောက်ခံသူများ၊ တက်ကြွ လှုပ်ရှားသူများနှင့် သတင်းသမားများသည် တရားလက်လွတ် ဖမ်းဆီး၊ နှိပ်စက်၊ သတ်ဖြတ်ခံနေကြရသည်။ အွန်လိုင်း ပေါ်မှ အတိုက်အခံများကို တုံ့ပြန်သည့်အနေဖြင့် စစ်တပ်သည် အင်တာနက်နှင့် မိုဘိုင်းဖုန်းဝန်ဆောင်မှုများကို ဆိုင်းငံ့ ခြင်း၊ လူမှုမီဒီယာများကို ပိတ်ဆို့ခြင်း၊ အမှီအခိုကင်းသောအွန်လိုင်းသတင်းမီဒီယာအဖွဲ့အစည်းများကို လိုင်စင်ရုပ်သိမ်း ခြင်း၊ ဝန်ဆောင်မှုပံ့ပိုးသည့်လုပ်ငန်းများထံမှ ပုဂ္ဂိုလ်ရေးအချက်အလက်များကို အတင်းအဓမ္မတောင်းယူခြင်းနှင့် တယ် လီကွန်းဆက်သွယ်ရေးအခြေခံအဆောက်အအုံကြီးကို ထိန်းချုပ်လိုက်ခြင်းတို့အား လုပ်ဆောင်လာခဲ့သည်။ စစ်ကောင် စီသည် ဖုန်းဆင်းကတ်များနှင့် မိုဘိုင်းဖုန်းကိရိယာ၏ IMEI များ မဖြစ်မနေ မှတ်ပုံတင်ရန် တောက်လျှောက် အမိန့်ထုတ် ပြန်ကာ ပြည်သူများ၏ တည်နေရာများ၊ ဆက်သွယ်ရေးများနှင့် အခြားပုဂ္ဂိုလ်ရေးအချက်အလက်များကို အကန့်အ သတ်မရှိ စိတ်တိုင်းကျ ခြေရာခံရန် လမ်းကြောင်းဖန်တီးခဲ့သည်။ မှတ်ပုံမတင်သူများသည် ဝန်ဆောင်မှု အဖြတ်ခံရ သည်။ စစ်တပ်သည် လက်ရှိတွင် ၎င်း၏အတိုက်အခံများ၊ ဒီမိုကရေစီလိုလားထောက်ခံသူများ၊ ငြိမ်းချမ်းစွာဆန္ဒပြသူ များနှင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်သူများအပေါ် အသုံးချစရာ ဒစ်ဂျစ်တယ်လက်နက်တိုက်ကြီးတစ်ခု ရှိနေ ပြီဖြစ်သည်။ စစ်တပ်သည် ဒစ်ဂျစ်တယ်အချက်အလက်များ ကောက်ယူခြင်း၊ ပတ်စဝေ့များကို ဟက်ခြင်း၊ ဖုန်းများကို ပုံတူပွားခြင်း၊ ဖုန်းဆစ်ဂနယ်လိုင်းများကို ခြေရာခံခြင်း၊ လူမှုမီဒီယာမှ ထောက်လှမ်းထားသောအချက်အလက်များကို

စုဆောင်းခြင်းနှင့် အချက်အလက်ပမာဏကြီးကြီးမားမားကို ကိုင်တွယ်ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်စေနိုင်သည့် နည်းပညာများကို ဝယ်ယူခဲ့သည်။ စစ်တပ်သည် ဇီဝဗေဒဆိုင်ရာပုဂ္ဂိုလ်ရေးအချက်အလက်များကို စစ်ဆေးသရုပ်ခွဲသည့် ဘိုင်အိုမက်ထရစ်စမတ်အိုင်ဒီ(Biometric Smart ID) စနစ် ဖော်ဆောင်ရန်အတွက်လည်း တရုတ်ထံမှ နည်းပညာအထောက်အပံ့ ရရန်ကြိုးစားနေသည်။ အဆိုပါစနစ်ကို အတိုက်အခံများအား စောင့်ကြည့်ရန် အသုံးချသွားလိမ့်မည်ဟုလည်း ဝေဖန်လေ့လာသူများက ဆိုသည်။

အာဏာသိမ်းပြီးချိန်မှစ၍ ICT ဝန်ဆောင်မှုပံ့ပိုးရေးလုပ်ငန်းများသည် အသုံးပြုသူများ၏ အချက်အလက်များကို စစ်တပ်အား တိုက်ရိုက်ရယူစီမံခွင့်ပေးရမည့် ဖိအားနှင့် ကြုံလာကြရသည်။ ၂၀၂၂ ခုနှစ်တွင် နော်ဝေလုပ်ငန်း Telenor က လူ့အခွင့်အရေးနှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာ စိုးရိမ်မှုများကို ရည်ညွှန်းပြောကြားကာ ၎င်းတို့၏ လုပ်ငန်းစုကို ရောင်းချခဲ့သလို၊ မရှေးမနှောင်း၌ပင် ကာတာကုမ္ပဏီ Ooredoo ကလည်း ၎င်းတို့လုပ်ငန်းစုကို ရောင်းချတော့မည်ဟု ကြေညာခဲ့သည်။ နိုင်ငံတကာ တယ်လီကွန်းဆက်သွယ်ရေးအော်ပရေတာနှစ်ခု၏ ပြန်လည်ရောင်းချမှုနှင့်အတူ စစ်တပ်သည် ကြားမှဖောက်ဖတ်၊ ဖောက်နားထောင်၍မရအောင်လုပ်ထားသော encrypted ဖုန်းခေါ်ဆိုမှုများ၊ စာတိုများနှင့် ဝက်ဆိုက်အဝင်အထွက်များကို လျှို့ဝှက်စောင့်ကြည့်ရန်နှင့် အသုံးပြုသူများကိုခြေရာခံရန်အတွက် ကွန်ရက်များတစ်လျှောက် ကြားဖြတ်ဖောက်ဝင်လျှို့ဝှက်ထောက်လှမ်းမှုကို စတင် အသက်သွင်းရန် အာဏာရလာခဲ့သည်။ မြန်မာနိုင်ငံရှိ အသုံးပြုသူများသည် လက်ရှိတွင် စစ်တပ် သို့မဟုတ် စစ်တပ်နှီးနွယ်အစုအဖွဲ့များက ထိန်းချုပ်ထားသည့် MPT နှင့် Mytel ICT ဝန်ဆောင်မှုပံ့ပိုးရေးလုပ်ငန်းများကိုသာ အသုံးပြုနေရသည်။ ICT အသုံးပြုသူများသည် ၎င်းတို့၏အချက်အလက်များ စစ်တပ်နှီးနွယ်သည့်လုပ်ငန်းများထံ လွှဲအပ်ခံရမည့် အန္တရာယ်နှင့် ရင်ဆိုင်နေကြရသည်။ စီးပွားရေးလုပ်ငန်းများက စစ်တပ်ထိန်းချုပ်ထားသည့် ဝန်ကြီးဌာနများကို လျှို့ဝှက်ထောက်လှမ်းရေးအစီအမံကိရိယာများ ပံ့ပိုးပြီး အချို့က စစ်ဘက်အရပ်ဘက် နှစ်ဘက်သုံး နည်းပညာများကိုပါ ဆက်ရောင်းချနေသည်။ မြန်မာ့ ဖွံ့ဖြိုးစအွန်လိုင်းလျှို့ဝှက်ထောက်လှမ်းရေးစနစ်သည် တရုတ်၊ ရုရှားတို့အပေါ်သာမက အာဏာရှင်နိုင်ငံများသို့ ပစ္စည်းရောင်းချ သို့မဟုတ် အလုပ်တွဲလုပ်သည့် ကုမ္ပဏီများပေါ်တွင်လည်း မူတည်နေသည်။ ဥပမာအနေဖြင့် တရုတ်တယ်လီကွန်းဆက်သွယ်ရေးကုမ္ပဏီ Huawei သည် သတင်းများအရ မြို့ကြီးများတွင် ထောက်လှမ်းရေးကွန်ရက်များဖြန့်ကျက်မည့် စစ်ကောင်စီ၏ အားထုတ်မှုတွင် ပူးပေါင်းပါဝင်သည့် ကုမ္ပဏီများထံသို့ ကင်မရာနှင့်အခြား ကိရိယာတန်ဆာပလာများ ပေးပို့ရောင်းချခဲ့သည်။ စစ်ကောင်စီ၏ 'Golden firewall' တည်ဆောက်ရာတွင် ရုရှားက ကူညီပံ့ပိုးပေးနေသည်ဟုလည်း သတင်းများက ဆိုသည်။ စစ်ကောင်စီသည် အီရန်ထံမှလည်း အကူအညီများ ရရှိသည်။ အမေရိကန်နိုင်ငံအခြေစိုက် Data Walk နှင့် VMware ကုမ္ပဏီများထံ ဆော့ဝဲများက ရောမအချက်အလက်များနှင့် ရဲ IT စနစ်များကို ခိုင်မာစေသလို ကမ္ဘာ့ဘဏ်မှငွေကြေးထောက်ပံ့ထားသည့် ကွန်ရက်စောင့်ကြည့်မှုစနစ် ဖြာထွက်ကွန်ရက်စောင့်ကြည့်မှုစနစ် spectrum monitoring system ကြောင့်လည်း စစ်ကောင်စီသည် တက်ကြွလှုပ်ရှားသူများနှင့် သတင်းသမားများကို ခြေရာခံခွင့်ရနေသည်။ အိန္ဒိယ ဘိုင်အိုမက်ထရစ်ရလဒ် ထုတ်ဖော်ရှာဖွေရေး ကုမ္ပဏီ Mantra Softech သည် ဘိုင်အိုမက်ထရစ်နယ်စပ်လက်လှမ်းမီရေး ထိန်းချုပ်စနစ်တစ်ခုကို ဖော်ဆောင်နေပြီး ၂၀၂၂ ခုနှစ်မှ စတင်၍ လေဆိပ်များတွင် စမ်းသပ်အသုံးပြုလာခဲ့သည်။

SAC သည် အွန်လိုင်းပေါ်တွင် ငွေကြေးသုံးစွဲရောင်းဝယ်မှုနှင့် ဘဏ်လုပ်ငန်းများကိုလည်း တိုးမြှင့်ပိတ်ပင်လာခဲ့သည်။ ဘဏ္ဍာရေးဝန်ဆောင်မှုကုမ္ပဏီများသည် သုံးစွဲသူများကို ဓာတ်ပုံရိုက်ခြင်း၊ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်နှင့် နိုင်ငံသား

စိစစ်ရေးကတ်များကို မှတ်တမ်းယူခြင်းတို့ အပါအဝင် သာမန်ထက်ပိုသော အတည်ပြုလုပ်ငန်းစဉ်များကို လုပ်ဆောင်ရန် အမိန့်ပေးခံလာရသည်။ သတင်းများအရ စစ်တပ်သည် ၂၀၂၂ ခုနှစ်တွင် 'CCTV ကင်မရာများ တပ်ဆင်'သို့မဟုတ် Mobile Banking အကောင့် ရောင်းဝယ်သူများကို 'လျှို့ဝှက်ခေတ်ပုံရိုက်ထား'ခြင်းအားဖြင့် လျှို့ဝှက်ထောက်လှမ်းရေး လုပ်ငန်းများကို တိုးမြှင့်လုပ်ဆောင်ရန် ဘဏ်များကို အမိန့်ပေးခဲ့သည်။ အာဏာသိမ်းပြီးစဥ်ကတည်းက စစ်တပ်ထိန်းချုပ်ထားသည့် မြန်မာနိုင်ငံဗဟိုဘဏ်သည် လူသိရှင်ကြားမထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ လုပ်ဆောင်ရန် ပုဂ္ဂလိကဘဏ်များကို ဖိအားပေးလာခဲ့သည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် သတင်းများအရ ထောင်နှင့်ချီသော ကမ္ဘောဇဘဏ်အသုံးပြုသူများ၏ အကောင့်များ ဆုံးရှုံးခဲ့ရသလို အများအပြားမှာလည်း ခုခံတော်လှန်ရေးအင်အားစုများကို ကူညီမှုဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ကမ္ဘောဇဘဏ်သည် စစ်ကောင်စီ၏ ညွှန်ကြားချက်များအတိုင်းလိုက်နာရသည့်အတွက် အသုံးပြုသူများ၏ တည်နေရာများကို စစ်တပ်အား မျှဝေကောင်းမျှဝေပေးနေနိုင်သည်။ ကမ္ဘောဇဘဏ်သည် မြန်မာစစ်တပ်နှင့် ရေရှည်ဆက်ဆံရေးရှိသလို သတ္တုတူးဖော်ရေးနှင့် စွမ်းအင်လုပ်ငန်းကဏ္ဍတို့တွင် စစ်တပ်၏အစုရှယ်ယာလုပ်ငန်းကြီးဖြစ်သော မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်နှင့် လုပ်ဖော်ကိုင်ဖက်ဖြစ်သည်။ KBZPay ကို စတင်ထုတ်လုပ်ရန် ၂၀၁၈ ခုနှစ်၌ Huawei ကုမ္ပဏီနှင့် မိတ်ဖက်ပြုလုပ်ခဲ့ပြီး၊ နောက်တစ်နှစ်အကြာတွင် KBZPay အပလီကေးရှင်းကို စတင်ထုတ်လုပ်ခဲ့သည်။ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့်အချက်အလက်ကာကွယ်ရေး ဥပဒေများနှင့် ဘေးကင်းလုံခြုံရေးအစီအမံများနှင့် တရားဝင်မှုဘောင်အင်စတီကျူးရှင်းများက ထောက်ပံ့ဖြည့်ဆည်းသည့် လူ့အခွင့်အရေးကို လေးစားလိုက်နာစေရေး စောင့်ကြည့်လေ့လာမှုမရှိဘဲ အထက်ပါ အချက်အလက်ကောက်ယူမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။

# မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်အပေါ် မည်သည့်ကန့်သတ်ချက်မဆိုသည် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများတွင် ပြဋ္ဌာန်းထားသည့် စည်းကမ်းတင်းကျပ်သော စမ်းသပ်မှုနှင့် ကိုက်ညီရမည် ဖြစ်သလို အမှီအခိုကင်းသော ကြီးကြပ်စောင့်ကြည့်မှုကိုလည်း ခံယူရမည်ဖြစ်သည်။ ယင်းကန့်သတ်ချက်များကို 'ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်'ရမည်ဖြစ်ပြီး၊ နိုင်ငံတကာစာချုပ်များတွင် အသေးစိတ်ဖော်ပြထားသည့် တရားမူဘောင်လျော်ညီသည့် ရည်ရွယ်ချက်များအနက်မှတစ်ခုကို လုပ်ဆောင်ရန် ရည်ရွယ်ချက်ဖြစ်ရမည် ဖြစ်ကာ၊ အဆိုပါ ရည်ရွယ်ချက်ကို ပြီးမြောက်အောင်လုပ်ဆောင်ရန် အမှန်တကယ်လိုအပ်ပြီး ပြစ်မှုပြစ်ဒဏ်မှာလည်း အချိုးအစားညီရမည် ဖြစ်သည်။ အချက်အလက်ကာကွယ်ရေးဥပဒေများသည် မကြာခဏ လွဲချော်၊ ဝေဝါး၊ မပြည့်မစုံ ဖြစ်နေကြသည့်အတွက် နိုင်ငံအများအပြားသည် ဥပဒေအခြေခံမှုများကို ချိုးဖောက်၍ လူထုဆက်သွယ်ရေးနှင့် အွန်လိုင်းဆက်သွယ်ရေးများကို ဆက်လက်လျှို့ဝှက်ထောက်လှမ်းနေသည်ဟု [OHCHR က တစ်လျှောက်လုံး ပူပန်ပြောဆို]လာခဲ့သည်။ မြန်မာနိုင်ငံ၏အဖြစ်သည် အဆိုပါ ဖြစ်စဥ်မျိုးပင် ဖြစ်သည်။

SAC သည် အာဏာသိမ်းပြီးချိန်မှစ၍ မြန်မာနိုင်ငံရှိ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ချိုးဖောက်နေသည့် ဥပဒေများနှင့် စည်းမျဥ်းစည်းကမ်းများနှင့် ပြဋ္ဌာန်း၊ ပြင်ဆင်၊ ပြန်လည်အသက်သွင်းလာခဲ့သည်။ [နည်းပညာကုမ္ပဏီများနှင့်ပတ်သက်နိုးနွယ်သည့် ဥပဒေမူဘောင်တွင် ဘေးကင်းလုံခြုံရေးအစီအမံများ မပါဝင်နေခြင်း]နှင့် ဝေဝါးနေသော သို့မဟုတ် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် မကိုက်ညီသော ဥပဒေပြဋ္ဌာန်းချက်များ ရှိနေခြင်းကြောင့် မြန်မာနိုင်ငံတွင် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အတွက် ကြီးကြီးမားမား အန္တရာယ်ကျရောက်နိုင်ခြေ အမြဲတစေ ရှိနေသည်။ ၎င်းတို့တွင် ဥပဒေနှင့်အညီကြားဖြတ်ဖောက်ဝင်ခြင်း၊ ဆိုက်ဘာလုံခြုံရေး၊ အချက်အလက်ကာကွယ်ရေးနှင့် ဆိုက်ဘာရာဇဝတ်မှုတို့ကဲ့သို့ အရေးကိစ္စများနှင့်ပတ်သက်သည့် ပြဋ္ဌာန်းဥပဒေများ သို့မဟုတ် ယင်းအရေးကိစ္စများနှင့်ပတ်သက်၍ ဥပဒေ လုံးဝ ရှိမနေခြင်း စသည့်ကိစ္စများ ပါဝင်သည်။

သာဓကအနေဖြင့်

- [နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုကို အကာအကွယ်ပေးရေးဥပဒေ] (၂၀၁၇၊ ၂၀၂၁ တွင် ပြင်ဆင်၊ နိုင်လွတ်လုံ ဥပဒေ)တွင် နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများနှင့် မကိုက်ညီသည့် ပြဋ္ဌာန်းချက်အများအပြား ပါဝင်သည်။ ပြင်ဆင်ချက်တွင် ယခင်ရှိပြီးသား ဘေးကင်းလုံခြုံရေးအစီအမံကို ဆိုင်းငံ့သို့မဟုတ် ဖယ်ရှားပြီး အစစ်အဆေးမရှိ ရှာဖွေခွင့်၊ သိမ်းယူခွင့်နှင့် ဖမ်းဆီးခွင့်ပြုလိုက်ကာ တရားစီရင်ရေး၏ စောင့်ကြည့်သုံးသပ်မှုမပါဘဲ အချုပ်အနှောင်ကာလကို တိုးမြှင့်လိုက်ခြင်းအားဖြင့် [SAC ကို လုပ်ပိုင်ခွင့်အာဏာ တိုးမြှင့်ပေးထားသည်]။ ပြင်ဆင်ချက်သည် ပုဒ်မ ၅ (အရပ်ဘက်စစ်ဆေးလေ့လာမှုမပါဘဲ ရှာဖွေ၊ သိမ်းယူ၊ ဖမ်းဆီးမှု)၊ ပုဒ်မ ၇ (ရုံးမိန့်မပါဘဲ အကန့်အသတ်မရှိ ချုပ်နှောင်ထားခြင်း)နှင့် ပုဒ်မ ၈ (တစ်ဦးချင်းကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို လျှော့ချခြင်း)တို့အပေါ် အထူးသက်ရောက်မှုရှိသည်။

- အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ (၂၀၀၄၊ ၂၀၂၁ တွင် ပြင်ဆင်) သည် အသုံးပြုသူများ မည်သူမည်ဝါဖြစ်ကြောင်းဆိုင်ရာ အချက်အလက်များကို တင်ပြရန်ပန်ကြားချက် အပါအဝင် အစိုးရက ချမှတ်သည့် အခြေအနေများကို လိုက်နာဆောင်ရွက်ရန်ပျက်ကွက်ပါက ကုမ္ပဏီများ၏ လိုင်စင်ကို ဆိုင်းငံ့ရန် သို့မဟုတ် ရုပ်သိမ်းရန် ခွင့်ပြုထားသည်။
- ဆိုက်ဘာလုံခြုံရေးဥပဒေကြမ်း (၂၀၂၂) သည် စစ်တပ်ကို ပုဂ္ဂိုလ်ရေးအချက်အလက်များ လုံးဝပကတိ ရယူပိုင်ခွင့်ပေးထားသဖြင့် ICT ကုမ္ပဏီများအဖို့ မျှတသောတရားစီရင်မှုရရှိစေရေး ဥပဒေဘောင်အတွင်းလုပ်ငန်းစဉ်အဆင့်ဆင့် (due process) သို့မဟုတ် အမှီအခိုကင်းသော ကြီးကြပ်စောင့်ကြည့်မှုမရှိဘဲ အသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ချိုးဖောက်လျက် အကဲဆတ်သော အသုံးပြုသူအချက်အလက်များကို အစိုးရထံသို့ လွှဲပြောင်းပေးအပ်ရန် တောင်းဆိုခံရနိုင်သည့် ဆိုးရွားသောအန္တရာယ်ကျရောက်နိုင်ခြေကို ဖြစ်ပေါ်လာစေသည်။
- ဆက်သွယ်ရေးဥပဒေ (၂၀၁၃၊ ၂၀၁၇ တွင် ပြင်ဆင်)တွင် ဥပဒေနှင့်အညီ ကြားဖြတ်ဖောက်ဝင်ခြင်း အပါအဝင် အရေးကိစ္စအများအပြားနှင့်ပတ်သက်၍ ဘေးကင်းလုံခြုံရေးအစီအမံများ မပါဘဲ ကျယ်ပြန့်သောပြဋ္ဌာန်းချက်များထည့်သွင်းထားသည်။ ပုဒ်မ ၇၇ အရ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန (MOTC) သည် အများပြည်သူအကျိုးစီးပွားကို အခြေခံ၍ ကြားဖြတ်ဖောက်ဝင်မှုလုပ်ဆောင်ရန် လိုင်စင်ရှိလုပ်ငန်းတစ်ခုကို တိုက်ရိုက်အမိန့်ပေးနိုင်သည့် ကျယ်ပြန့်သော အာဏာရှိနေသည်။ 'အများပြည်သူအကျိုးစီးပွား'ဆိုသော စကားရပ်အတွက် အနက်အဓိပ္ပာယ် မပါရှိသလို မည်သည်က ဥပဒေနှင့်အညီ ကြားဖြတ်ဖောက်ဝင်ပေးရန်ပန်ကြားချက်မြောက်သည်ဆိုသည်ကိုလည်း ရှင်းရှင်းလင်းလင်း မဖော်ပြထားပေ။ ပုဒ်မ ၇၅ အရ MOTC သည် ဥပဒေနှင့် အညီ ကြားဖြတ်ဖောက်ဝင်ပေးရန် ပန်ကြားချက်ကို အစိုးရထံမှ အတည်ပြုချက်ယူရမည်ဖြစ်သော်လည်း အစိုးရ၏အတည်ပြုချက်ကို မည်သို့ပုံစံ ဆောင်ရွက်မည် (ဥပမာ - အုပ်ချုပ်ရေးအမိန့် သို့မဟုတ် လွှတ်တော် ဆုံးဖြတ်ချက်)နှင့်ပတ်သက်၍ ရှင်းရှင်းလင်းလင်း ဖော်ပြချက် မရှိပါ။
- ၂၀၁၄ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ အကောင်အထည်ဖော်ဆောင်ရေး စည်းမျဉ်းစည်းကမ်းများ (၂၀၂၃) သည် စစ်တပ်ကို အွန်လိုင်းလုပ်ဆောင်မှုအားလုံးအား တက်တက်ကြွကြွ ကြားဖြတ်ဖောက်ဝင်ဆောင်ရွက်ခွင့်နှင့် ပြည်သူများ၏တည်နေရာနှင့် ဆက်သွယ်ရေးဆိုင်ရာ ပုဂ္ဂိုလ်ရေးအချက်အလက်များကို ကွန်ရက်ပံ့ပိုးသူများထံမှ တောင်းခံပိုင်ခွင့်အာဏာကို ပေးထားသည်။
- အချက်အလက်ရယူခြင်းနှင့်ဆက်သွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများ (၂၀၂၂) သည် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းအများအပြားကို ဥပဒေနှင့်အညီ ကြားဖြတ်ဖောက်ဝင်မှုလုပ်ဆောင်ခွင့်အာဏာပေးထားသည်။ အပိုဒ် ၂(စ)တွင် 'ဦးတည်ပစ်မှတ်များ'ကို 'တယ်လီဖုန်းနံပါတ်၊ IMEI၊ IMSI၊ Cell-ID၊ IP လိပ်စာ၊ အသုံးပြုသူအကောင့် သို့မဟုတ် အသုံးပြုသူ ID၊ MAC လိပ်စာ၊ IM အကောင့် သို့မဟုတ် IM ID၊ Non-IM အကောင့် သို့မဟုတ် Non-IM ID၊ VoIP အကောင့် သို့မဟုတ် VoIP ID၊ အချက်အလက်များနှင့်ဆက်သွယ်မှုများကို ဥပဒေနှင့်အညီ ကြားဖြတ်ဖောက်ဝင်ဆောင်ရွက်လိုအပ်သည့် လူမှုမီဒီယာ/လူမှုကွန်ရက်၊ အီးမေးလ်လိပ်စာနှင့် ဝက်ဆိုက်လိပ်စာများအတွက်သုံးစွဲသော အကောင့်နှင့် ID များ'ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။
- ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (၂၀၁၆) တွင် ဗဟိုဘဏ်၏တာဝန်ကို စားသုံးသူအကာအကွယ်ပေးရေးနှင့် ဘဏ်လုပ်ငန်းနှင့်ဘဏ္ဍာရေးဆိုင်ရာ စားသုံးသူများ၏ ဘဏ္ဍာရေးလုပ်ဆောင်နိုင်စွမ်းကို မြှင့်တင်ပေးရ

မည်ဟု သတ်မှတ်ထားပြီး၊ ယင်းရည်ရွယ်ချက်ဖြင့် စားသုံးသူ 'အချက်အလက် ကောက်ယူရေး'ကို မြှင့်တင်ရန်နှင့် ပေါင်းစပ်ရန် ဗဟိုဘဏ်ကို ခွင့်ပြုထားသည်။

## မြန်မာနိုင်ငံအတွင်းရှိ ICT ကုမ္ပဏီများနှင့် ၎င်းတို့၏ ဝတ္တရားများ

လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ကန့်သတ်ရာတွင်လိုအပ်သည့် လုံလောက်သောဥပဒေနှင့်အညီ ဘေးကင်းလုံခြုံရေးအစီအမံများ သို့မဟုတ် အမှီအခိုကင်းသော ကြီးကြပ်စောင့်ကြည့်ရေးယန္တရားများ မရှိဘဲ SAC သည် အကြီးစားလျှို့ဝှက်ထောက်လှမ်းရေးအတွက် ဟက်ကင်လုပ်ရပ်နှင့် အွန်လိုင်းလျှို့ဝှက်ထောက်လှမ်းမှုတို့ကို ဖြန့်ကျက်ရန်အတွက် ICT ပံ့ပိုးမှုကုမ္ပဏီများထံမှ အချက်အလက်များကောက်ယူနိုင်သည့် တရားလက်လွတ်အာဏာကို ဆက်လက်အသုံးချနေဖွယ်ရှိသည်။ ယင်းလုပ်ရပ်သည် လူ့အခွင့်အရေးကို လေးစားလိုက်နာရာတွင် ပါဝင်သည့် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ အခန်းကဏ္ဍနှင့် ၎င်းတို့၏ တာဝန်များကို ပိုတိုးလာစေသည်။ စီးပွားရေးလုပ်ငန်းများနှင့်လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂလမ်းညွှန်အခြေခံမူဝါဒများ (UN-GPs) အရ စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးကိုလေးစားရမည့် တာဝန်ရှိသည်။ ယင်းတာဝန်သည် လူ့အခွင့်အရေးရိုက်ခတ်မှုဆိုးကျိုးများကို အတည်ပြုဖော်ထုတ်၊ တားဆီးကာကွယ်၊ လျှော့ချရန်နှင့်မှတ်ယူရန် လိုအပ်သည့် 'မည်သူတစ်ဦးတယောက်မျှ မထိခိုက်ရေး' အခြေခံမူပေါ်တွင် အခြေတည်သည်။

အန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသော သို့မဟုတ် ပဋိပက္ခဒေသများတွင် စီးပွားရေးလုပ်ငန်းများ တည်ရှိနေခြင်းနှင့် ၎င်းတို့၏အခန်းကဏ္ဍသည် လူ့အခွင့်အရေးအတွက် စိုးရိမ်စရာတစ်ရပ် အမြဲတစေ ဖြစ်ပြီး၊ စစ်အာဏာသိမ်းမှုက မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏အခန်းကဏ္ဍအား ပိတ်ပင်လျှော့ချမှုကို ပိုမိုဆိုးရွားစေခဲ့သည်။ UNGP များသည် လူ့အခွင့်အရေးအန္တရာယ်ကျရောက်နိုင်ခြေရှိမှုနှင့် အချိုးအစားညီသည့် စီးပွားရေးလုပ်ငန်းများထံမှ လိုက်လျောညီထွေပြီး သင့်တင့်လျောက်ပတ်သော တုံ့ပြန်မှုကို လိုလားသည်။ ဆိုလိုသည်မှာ အန္တရာယ်ကျရောက်နိုင်ခြေ ပိုမြင့်မားလေလေ ပို၍ ရှုပ်ထွေးများပြားသော သို့မဟုတ် သာမန်ထက်ပိုသော လုပ်ဆောင်မှုများကို လိုလားသည်။ ယင်းသည် မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများအတွက်လည်း လုပ်ဆောင်နေဆဲနှင့် သာမန်ထက်ပိုသော HRDD လုပ်ငန်းစဥ်ကို လုပ်ဆောင်ရန် ဟု အဓိပ္ပာယ်ရသည်။

သာမန်ထက်ပိုသော HRDD လုပ်ငန်းစဥ်သည် အကျပ်အတည်းကို တုံ့ပြန်မှုသက်သက်သာမက ကာကွယ်မှုယန္တရားတစ်ခုလည်း ဖြစ်သည်။ သာမန်ထက်ပိုသော HRDD လုပ်ငန်းစဥ်တစ်ခုသည် ချိနဲ့သော သို့မဟုတ် မရှိနေသေးသော နိုင်ငံအဆင့် ယန္တရားအဆောက်အအုံများ၊ ရှုပ်ထွေးသောစီးပွားရေးဆက်နွယ်မှုများ၊ ရှိရင်းစွဲပဋိပက္ခနှင့် ဆက်စပ်နေသည့် အခြားပါဝင်ပတ်သက်သူများ၏ တည်ရှိမှုနှင့်အခန်းကဏ္ဍ၊နှင့် အလားအလာရှိသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ပိုမိုမြင့်မားပြင်းထန်မှုတို့နှင့် ဆက်နွယ်နေသည့် နောက်ထပ်၊ မမြင်ရနိုင်သော အန္တရာယ်ကျရောက်နိုင်ခြေများကိုပါ တွက်ဆဖော်ထုတ်ပေးမည်ဖြစ်သည်။ စစ်ဘက်အရပ်ဘက် နှစ်မျိုးသုံးနည်းပညာများ ရောင်းချနေသည့် ICT ပံ့ပိုးမှုလုပ်ငန်းများနှင့် ကုမ္ပဏီများအတွက် လျှို့ဝှက်ထောက်လှမ်းခြင်းနှင့် ဖမ်းဆီးချုပ်နှောင်ခြင်းကဲ့သို့ အနုတ်သဘောဆောင်သည့် လူ့အခွင့်အရေးသက်ရောက်မှုများဖြစ်နိုင်သည့်အန္တရာယ် အလွန့်အလွန်မြင့်မားပြီး၊ မြန်မာနိုင်ငံတွင် SAC ၏ ပစ်မှတ်ထားမှုများမှာ ထင်ရှားသော သာဓကများ ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံသည့် ICT ကုမ္ပဏီများသည် ဤသီးသန့်နောက်ခံအခြေအနေတွင် လူ့အခွင့်အရေးနှင့်ပတ်သက်သည့် အန္တရာယ်များကို ရှာဖွေဖော်ထုတ်၊ လျှော့ချရန်လုပ်ဆောင်ရမည့်အဆင့်များကို ထုတ်ဖော်ပြသနိုင်ရမည်ဖြစ်သည်။ ယင်းအပြင် အများပြည်သူဆိုင်ရာပြဿနာတစ်ခု

၏ သီးသန့်အရေးကိစ္စများကို ချိန်ဆနိုင်းယှဥ်ခြင်း၊ ယင်းနောက် ဆောင်ရွက်ခြင်းအားဖြင့် စံသတ်မှတ်ထားသော သက်ဆိုင်ရာ ထွက်ပေါက်များကို ပုံစံထုတ်ရမည် ဖြစ်သည်။ အထူးသဖြင့် ယင်းကုမ္ပဏီများသည် အကြောင်းအရာများကို ကန့်သတ်စိစစ်ခြင်း၊ စာချုပ်ပြဋ္ဌာန်းချက်များ၊ ဝယ်သူအစိုးရများကိုရောင်းဝယ်သည့် ထုတ်ကုန်များအပေါ် ဥပဒေဆိုင်ရာ သို့မဟုတ် နည်းပညာဆိုင်ရာ ကန့်သတ်ချက်များ၊ ဥပဒေအရနှင့် စည်းမျဥ်းစည်းကမ်းပိုင်ဆိုင်ရာ တိုင်ကြားချက်များ၊ ပြည်တွင်းဝန်ထမ်းများ၏ဘေးကင်းလုံခြုံရေး၊ သို့မဟုတ် ဖြစ်နိုင်ခြေရှိသော ဝန်ဆောင်မှုများကို ကန့်သတ်ခြင်းနှင့် ပိတ်ဆို့ခြင်းတို့၏ သက်ရောက်မှု ရှိမရှိနှင့်ပတ်သက်၍ အသုံးပြုသူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကာကွယ်ရေးတို့ကို ထည့်သွင်းစဥ်းစားရမည်။

နိုင်ငံအစိုးရများသည် 'လျှို့ဝှက်ထောက်လှမ်းမှုစနစ်များနှင့်ဆက်နွှယ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုနှင့် စော်ကားခေါင်းပုံဖြတ်မှု ဖြစ်စဥ်များမှ ချိုးဖောက်ခံရသူများအတွက် ထိရောက်သောကုစားမှုများ အသေအချာရရှိစေရေး လုပ်ဆောင်ပေးရန်' [ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံး (OHCHR)က အကြံပြုတိုက်တွန်း]သည်။ ကုစားမှုများကိုရရှိခွင့်သည် [UNGP များ]၏ တတိယမဏ္ဍိုင်ပင် ဖြစ်သည်။ ထိခိုက်ခံစားရမှုအတွက် လျော်ကြေးများနှင့် တာဝန်ယူမှုအတွက် အပါအဝင် အချက်အလက်ထိန်းချုပ်သူ သို့မဟုတ် အချက်အလက်များကိုစီမံနေသူအပေါ် ဆန့်ကျင်၍ ထိရောက်သောကုစားမှုရပိုင်ခွင့်သည် အချက်အလက် ကာကွယ်ရေးဥပဒေများတွင် ပါဝင်သင့်သည်။ မြန်မာနိုင်ငံ၌ ဥပဒေတွင် သီးသန့်တရားစီရင်ရေးဆိုင်ရာ ကြီးကြပ်စောင့်ကြည့်မှုလုပ်ငန်းစဥ် မရှိပါ။ အချက်အလက်ကာကွယ်ရေးမူဘောင် မရှိနေသည့်အတွက် အခွင့်မရှိဘဲ မျှဝေခြင်း သို့မဟုတ် ပုဂ္ဂိုလ်ရေးအချက်အလက်များကို အသုံးပြုခြင်း သို့မဟုတ် အခြားသော အချက်အလက်ပိုင်း ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့် ချိုးဖောက်မှုဖြစ်စဥ်များတွင် ပြင်ဆင်မှု သို့မဟုတ် ကုစားမှု ရှာဖွေထုတ်ဖော်သည့် မည်သည့်လုပ်ငန်းစဥ်မျှလည်း မရှိနေသေးသည့် သဘောလည်းဖြစ်သည်။ လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များ ဖွင့်ချခြင်းကို လုပ်ငန်းနယ်ပယ်အသီးသီးနှင့် စပ်လျဥ်းသည့် ဥပဒေအချို့တွင် တားမြစ်ထားသည့်တိုင် အာဏာပိုင်များသည် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ချိုးဖောက်မှု သို့မဟုတ် လျှို့ဝှက်ထိန်းသိမ်းရမည့် သတင်းအချက်အလက်များကို အခွင့်မရှိဘဲ ဖွင့်ချဖော်ထုတ်မှုများနှင့်ပတ်သက်၍ အဆိုပါ ဥပဒေပြဋ္ဌာန်းချက်တစ်ခုတလေအရပင် အရေးယူခဲ့ခြင်း မရှိပေ။ နိုင်လွတ်လုံဥပဒေ၊ ပုဒ်မ ၆ အရ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို စွက်ဖက်ချိုးဖောက်ခံရပါက အမှုဖွင့်တိုင်ကြားနိုင်သည့်အသွင် ရှိနေသော်လည်း အမှန်စင်စစ် နိုင်လွတ်လပ်ဥပဒေတွင် ယင်းချိုးဖောက်မှုကို မည်သည့်အထွေထွေပြစ်မှုမျှ သတ်မှတ်ထားခြင်း မရှိပေ။

မြန်မာနိုင်ငံ တရားစီရင်ရေးနှင့် တစ်စိတ်တစ်ပိုင်းတရားစီရင်ရေးနယ်ပယ်တွင် HRDD နှင့် အချက်အလက်ကာကွယ်ရေးချိုးဖောက်မှုတို့နှင့် စပ်လျဥ်း၍ ICT ကုမ္ပဏီများကို လက်တစ်ဆုပ်စာ တိုင်ကြားမှုများ ရှိခဲ့သည်။

အထက်တွင်ဆိုခဲ့သည့်အတိုင်း ၂၀၂၁ အာဏာသိမ်းမှုနောက်ပိုင်းတွင် အချို့သော ICT ကုမ္ပဏီများသည် လူ့အခွင့်အရေးဆိုင်ရာဦးသက်ရောက်မှုများကို ထုတ်ဖော်ပြောဆိုကာ လုပ်ငန်းများရုပ်သိမ်းခဲ့သည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် Telenor သည် မြန်မာနိုင်ငံမှ စွန့်ခွာ၍ ၎င်း၏လုပ်ငန်းစုများကို M1 Group ထံသို့ ရောင်းချရန် [ဆုံးဖြတ်ခဲ့]ပြီး ၂၀၂၂ ခုနှစ် မတ်လတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ယင်းရောင်းချမှုကို အတည်ပြုပေးခဲ့သည်။ နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းတစ်ခုဖြစ်သည့် SOMO (နိုင်ငံပေါင်းစုံကော်ပိုရေးရှင်းများဆိုင်ရာ သုတေသနဌာန)၏ ထုတ ပြန်ချက်အရ M1 Group သည် ['အကြမ်းဖက်တစ်ပါတီအာဏာရှင်စနစ်ကျင့် သုံးပြီး အစွန်းရောက်ဝါဒီအာဏာရှင် စနစ်ကျင့်သုံး

သည့် နိုင်ငံများတွင် စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်မှုသောနာမည်ဆိုးဖြင့် ကျော်ကြား'သည်။ ၂၀၂၁ ခုနှစ် ဇူလိုင်လတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုး တိုးတက်မှုအဖွဲ့(OECD)၏ လမ်းညွှန်ချက်များအရ Norwegian National Contact Point အဖွဲ့နှင့်အတူ Telenor ကုမ္ပဏီကို တရားစွဲဆိုတိုင်ကြားမှု တစ်ခုရှိခဲ့သည်။ 'ကျရောက်လာနိုင်ခြေရှိသည့် ဘေးအန္တရာယ်ကိုအခြေပြုသည့် သင့်တင့်လျောက်ပတ်သော ကြိုတင်စီမံမှုလုပ်ငန်းစဉ် (due diligence) ဆောင်ရွက်ရန်' နှင့် 'မြန်မာနိုင်ငံရှိ ၎င်းတို့၏လုပ်ငန်းစုများကို ရောင်းချလိုက်ရာမှ ဖြစ်ပေါ်လာနိုင်သည့် လူ့အခွင့်အရေးနောက်ဆက်တွဲသက်ရောက်မှုများကို လျှော့ချရန်' ပျက်ကွက်ခဲ့မှု အပါအဝင် လမ်းညွှန်ချက်များတွင် ဖော်ပြထားသည့်တာဝန်ယူမှုဆိုင်ရာ ထိတွေ့ဆက်ဆံမှုများ မရှိခြင်းဆိုသောအကြောင်းဖြင့် ဝတ္တရားပျက်ကွက်မှုကို ယင်းတိုင်ကြားချက်တွင် ဖော်ပြထားသည်။ အမှုပါတရားပြိုင်များသည် ၂၀၂၂ ခုနှစ် ဇွန်လမှစ၍ အပြန်အလှန်ထိတွေ့ဆက်ဆံမှု ပြုလုပ်ခဲ့ကာ ကနဦး နားလည်မှုစာချွန်လွှာ (MoU) တစ်စောင် ရေးထိုးမှုရှိထားသည်။

သီးခြားအနေဖြင့် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံသားတစ်ဦးက အသုံးပြုသူများ၏ အကဲဆတ်သော အချက်အလက်များကို လွှဲပြောင်းထိန်းချုပ်ခွင့်ပေးခြင်းမပြုနိုင်ရန်အတွက် Telenor ကို နော်ဝေ အချက်အလက်ကာကွယ်ရေးအာဏာပိုင်များထံ တိုင်ကြားခဲ့သည်။ ယင်းရောင်းချမှုသည် မြန်မာနိုင်ငံရှိ Telenor အသုံးပြုသူ ၁၈ သန်း၏ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ချိုးဖောက်လိမ့်မည်ဟု တိုင်ကြားချက်က ဆိုသည်။ Telenor သည် ဥရောပသမဂ္ဂ (EU) အထွေထွေ အချက်အလက်ကာကွယ်ရေးစည်းမျဉ်းစည်းကမ်း(GDPR)ကို နာခံရမည်ဖြစ်သလို မြန်မာနိုင်ငံအတွင်းရှိ ၎င်း၏တစ်ဆင့်ခံကုမ္ပဏီများက အသုံးပြုသူများ၏အချက်အလက်များကို ကိုင်တွယ်စီမံပုံအပေါ် ထိရောက်သော ဩဇာရှိသည့်အတွက် Telenor သည် မြန်မာနိုင်ငံတွင် ဖြစ်ပွားနေသည့် အချက်အလက်ကိုင်တွယ်စီမံမှုဆိုင်ရာကိစ္စများ အတွက် တာဝန်ရှိသည်ဟု တိုင်ကြားသူက ရှုမြင်သည်။ နောက်ဆုံးအချက်အနေဖြင့် ၂၀၂၂ ခုနှစ် မတ်လတွင် Justice for Myanmar က Telenor သည် EU အရေးယူပိတ်ပင်တားမြစ်ချက်နှင့် ဥပဒေနှင့်အညီ ကြားဖြတ်ဖောက်ဝင်ဆောင်ရွက်မှုဆိုင်ရာ ဂိတ်ဝေး (gateway) တစ်ခု တပ်ဆင်၊ ထိန်းသိမ်းခြင်းအားဖြင့် မြန်မာအပေါ် နော်ဝေက ချမှတ်ထားသော ပိတ်ပင်တားမြစ်ချက်ကို ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲသည်။ Telenor သည် အဆိုပါဥပဒေနှင့်အညီကြားဖြတ်ဖောက်ဝင်မှုဂိတ်ဝေးကို ၂၀၁၈ ခုနှစ်၌ ဂျာမနီကုမ္ပဏီ Utimaco ထံမှဝယ်ယူပြီး ၎င်း၏စနစ်တွင် ချိတ်ဆက်တပ်ဆင်ခဲ့ခြင်းဖြစ်သည်။

အစ္စရေးကုမ္ပဏီ Cognyte Software နှင့် အစ္စရေးကာကွယ်ရေးဝန်ကြီးဌာနနှင့် အစ္စရေးနိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများကို 'မြန်မာနိုင်ငံအတွင်းရှိ လူသားမျိုးနွယ်ပေါ်ဆန့်ကျင်သောရာဇဝတ်မှုတွင် အထောက်အပံ့ပေးမှုနှင့် အားပေးကူညီမှု'တို့အတွက် ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးပေးပါရန် အစ္စရေးရှေ့နေချုပ်ရုံးထံသို့ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် တိုင်ကြားစာတစ်စောင် ရောက်ရှိခဲ့သည်။ Cognyte သည် ၂၀၂၀ ပြည့်နှစ်က မြန်မာနိုင်ငံတွင် MTP အတွက် ဥပဒေနှင့်အညီကြားဖြတ်ဖောက်ဝင်မှုကိရိယာတပ်ဆင်ခွင့်တင်ဒါ အောင်ခဲ့သည်။ Justice for Myanmar သို့ ပေါက်ကြားသောစာရွက်စာတမ်းများအရ MPT သည် Cognyte ထံသို့ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် အဝယ်အော်ဒါတင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇွန်လနောက်ဆုံးထား၍ အလုပ်ပြီးစီးရန် စီစဉ်ချမှတ်ခဲ့သည်။ တပ်ဆင်လိုက်သည့်စနစ်သည် မြန်မာစစ်တပ်ကို အချိန်နှင့်တစ်ပြေးညီ ဖုန်းခေါ်ဆိုမှုများအား ဝင်ရောက်နားထောင်နိုင်ခွင့်ရသွားစေပြီး စစ်တပ်၏ရက်စက်ကြမ်းကြုတ်မှုများကို အထောက်အပံ့၊ အကူအညီ ဖြစ်မည်ဖြစ်သည်။ Cognytes ၏ မြန်မာမိတ်ဖက်မှာ ဥပဒေနှင့်အညီကြားဖြတ်ဖောက်ဝင်ဆောင်ရွက်မှု အပါအဝင် လျှို့ဝှက်ထောက်လှမ်းရေးလုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသော

ICT စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ခိုင်သစ္စာကုမ္ပဏီ ဖြစ်သည်။ ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ဂျာမနီနိုင်ငံ အစိုးရရှေ့နေရုံးက ဂျာမနီကုမ္ပဏီ ND SatCom ကို မြန်မာနိုင်ငံတွင် အာဏာသိမ်းယူပြီးနောက်ပိုင်းကာလအပါအဝင် မြန်မာစစ်တပ်ကို ဆက်သွယ်ရေးကိရိယာများထောက်ပံ့ပေးနေခြင်းအတွက် ရာဇဝတ်ကြောင်းအရ စုံစမ်းစစ်ဆေးတစ်ရပ်စတင်ခဲ့သည်။ အနည်းဆုံး ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ND SatCome သည် မြန်မာစစ်တပ်၏ ဂြိုဟ်တုဆက်သွယ်ရေးစနစ်အတွက် 5G ဟာ့ဒ်ဝဲနှင့် ဆော့ဝဲအပါအဝင် အရေးကြီးသော အထောက်အကူများ ပံ့ပိုးပေးခဲ့သည်။

၂၀၂၂ ခုနှစ် စက်တင်ဘာတွင် မြန်မာနိုင်ငံတွင်လုပ်ငန်းလည်ပတ်နေသည့် စစ်တပ်ပိုင်မဟုတ်သော သို့မဟုတ် စစ်ကောင်စီနှင့်ပတ်သက်မှုမရှိသော နောက်ဆုံးလက်ကျန်အော်ပရေတာကုမ္ပဏီဖြစ်သည့် Ooredoo သည် မြန်မာနိုင်ငံမှ ထွက်ခွာပြီး ၎င်းတို့၏ ပြည်တွင်းလုပ်ငန်းစုကို Link Family Office နှင့် စစ်တပ်နှီးနွှယ်သည့် ဦးဉာဏ်ဝင်း၏ စင်ကာပူ အခြေစိုက်လက်အောက်ခံကုမ္ပဏီ Nine Communications ထံသို့ ရောင်းချတော့မည့် ဆုံးဖြတ်ချက်ကို ကြေညာခဲ့သည်။ ရောင်းချမှုမလုပ်မီ ယင်းရောင်းချမှုကြောင့်ဖြစ်လာမည့် လူ့အခွင့်အရေးအန္တရာယ်ကျရောက်နိုင်ခြေများကို ဖြေရှင်းရေးအတွက် အပြုသဘောဆောင်သော ထိတွေ့ဆက်ဆံမှုနှင့် ဆွေးနွေးမှုများ ပြုလုပ်ရန် Ooredoo Group ၏ CEO ထံ NGO အများအပြားက ဆက်သွယ်ခဲ့သော်လည်း ကုမ္ပဏီဘက်က ဆက်သွယ်မှုများကို အသိအမှတ်မပြုခဲ့ပေ။ အခြား နိုင်ငံခြားကုမ္ပဏီများသည် မြန်မာ့တယ်လီကွန်းဆက်သွယ်ရေးနယ်ပယ်တွင် ဆက်လက်လည်ပတ်နေကြသည်။ Mytel မိုဘိုင်းအော်ပရေတာ(Telecom International Myanmar လက်အောက်တွင် လည်ပတ်နေ)သည် နည်းပညာနှင့် လျှို့ဝှက်ထောက်လှမ်းရေးလုပ်ဆောင်နိုင်စွမ်းများ ပံ့ပိုးပေးနေသည့် မြန်မာစစ်တပ်ပိုင် စီးပွားရေးကွန်ရက်၏ အစိတ်အပိုင်းဖြစ်သည်။ Mytel ရှယ်ယာရှင်များမှာ စစ်တပ်၏ အစုရှယ်ယာလုပ်ငန်းကြီးဖြစ်သည့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်း၊ Myanmar National Telecom Holdings နှင့် Viettel တို့ဖြစ်ပြီး၊ Viettel သည် ဗီယက်နမ်အမျိုးသားကာကွယ်ရေးဝန်ကြီးဌာနက ပိုင်ဆိုင်ပြီး မြန်မာစစ်တပ်နှင့် နည်းပညာအလွှဲအပို့လုပ်ဆောင်နေသော နည်းပညာမြင့်လက်နက်ထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည်။ MPT သည် ဂျပန်ကုမ္ပဏီများဖြစ်သည့် KDDI၊ Sumitomo တို့နှင့် ပူးတွဲလုပ်ဆောင်နေသော လုပ်ငန်း ဖြစ်သည်။ MPT ၏ ဥပဒေနှင့်အညီ ကြားဖြတ်ဖောက်ဝင်မှုနည်းပညာ တပ်ဆင်ရန်နှင့် အသက်သွင်းရန် လုပ်ဆောင် အားထုတ်မှုသည် KDDI နှင့် Sumitomo တို့၏ KDDI Summit Global Myanmar ပူးတွဲလုပ်ငန်းမှတစ်ဆင့် ၎င်းတို့၏ စီးပွားရေးနှင့်လူ့အခွင့်အရေးဝတ္တရားများနှင့်အညီ ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ကြောင်း အထောက်အထားပင်ဖြစ်သည်ဟု Justice for Myanmar က ထောက်ပြပြောဆိုသည်။ ၂၀၂၁ ခုနှစ်တွင် KDDI နှင့် Sumitomo Corporation တို့သည် မြန်မာနိုင်ငံအတွင်း ဥပဒေနှင့်အညီ ကြားဖြတ်ဖောက်ဝင်ဆောင်ရွက်နှင့်ပတ်သက်၍ ‘အလေးအနက်စိုးရိမ်ကြောင်း’ ပြောခဲ့သလို၊ ‘၎င်းတို့သည် မြန်မာနိုင်ငံ၏ ဆက်သွယ်ရေးဥပဒေများပေါ်တွင် အခြေခံ၍ ကြားဖြတ်ဖောက်ဝင်မှုနှင့်ပတ်သက်၍ စည်းကမ်းထိန်းသိမ်းရေးအာဏာပိုင်များထံမှလာသော တိုက်ရိုက်ညွှန်ကြားချက်များကို နာခံရန် မလိုကြောင်း’ကိုလည်း ထုတ်ပြန်ခဲ့သည်။ စစ်ကောင်စီ၏ လူ့အခွင့်အရေးချိုးဖောက်မှုများတွင် တိုက်ရိုက်ပတ်သက်နေခြင်း ကို ရပ်တန့်ရန် မည်သည့်ခြေလှမ်းများလုပ်ဆောင်သွားမည်ကို ယင်းကုမ္ပဏီများ၏ထုတ်ပြန်ချက်များတွင် ထည့်သွင်းရေးသားခြင်း မရှိခဲ့ပေ။

## အရပ်ဘက်လူမှုအသိုင်းအဝိုင်းထိတွေ့ဆက်ဆံမှုမဟာဗျူဟာ - ARTICLE 19 ၏ အဆိုပြုချက်

ရပ်ရွာလူထုအဖွဲ့အစည်းများ၊ ပြည်တွင်း NGO များ၊ အလုပ်သမားသမဂ္ဂများ၊ တက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေးကာကွယ်သူများ၊ အကူအညီပေးရေးဝန်ထမ်းများနှင့် ရပ်ရွာလူထုခေါင်းဆောင်များပါဝင်သည့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ(CSOs) နှင့် စာနယ်ဇင်းသမားများသည် မြန်မာနိုင်ငံတွင် ထိပါးနှောက်ယှက်မှုများနှင့် နှိပ်ကွပ်မှုများကို ရင်ဆိုင်ခဲ့ကြရသည်မှာ ကာလရှည်ကြာခဲ့ပြီဖြစ်သည်။ အာဏာသိမ်းပြီးနောက်ပိုင်းတွင် ၎င်းတို့၏အလုပ်များသည် ပို၍အန္တရာယ်ကြီးမားလာခဲ့သည်။ ပို၍ခက်ခဲကြမ်းတမ်းသော လုပ်ငန်းလည်ပတ်မှုပတ်ဝန်းကျင်ဖြစ်စေရန် စစ်တပ်သည် ဥပဒေဆိုင်ရာ အပြောင်းအလဲများ ပြုလုပ်ခဲ့သည်။ ဥပမာ - NGO များ၊ CSO များကို ဒေသတွင်းအာဏာပိုင်များထံ မှတ်ပုံတင်ရန်နှင့် လုပ်ငန်းလည်ပတ်သည့် ဧရိယာများနှင့် ရန်ပုံငွေအရင်းအမြစ်အသေးစိတ်တို့ကိုဖော်ပြရန် မဖြစ်မနေ သတ်မှတ်သည့် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာဥပဒေ ၂၀၂၂ခုနှစ်၊ အောက်တိုဘာလတွင် ပြဋ္ဌာန်းခဲ့သည်။ စစ်ကောင်စီ၏ထိန်းချုပ်မှုအပြင်ဘက်နယ်မြေရှိ စစ်ကောင်စီက အတိုက်အခံဟု ယူဆထားသူများအတွက် ဝန်ဆောင်မှုပေးခြင်းကိုလည်း ယင်းဥပဒေက တားမြစ်ထားသည်။ CSO များသည် ပုံမှန်အားဖြင့် နိုင်ငံတကာအထောက်အပံ့ အနည်းငယ်ဖြင့် လုပ်ငန်းလည်ပတ်ကြသည်။ သို့သော် လုံခြုံဘေးကင်းပြီး ထိရောက်ရှိစေရန် ၎င်းတို့သည် မဟာဗျူဟာများကို ချမှတ်ကျင့်သုံးနေကြသည်။ 'မရှိမဖြစ်လိုအပ်ပြီး အံ့အားသင့်ဖွယ်လုပ်ငန်းများကို မြန်မာ CSO များက စိန်ခေါ်မှု အကြီးမားဆုံး အခြေအနေတွင် ပြီးမြောက်အောင် လုပ်ဆောင်ခဲ့ကြောင်း' ကုလသမဂ္ဂ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်က ဖော်ညွှန်းထားသည်။ မြန်မာ CSO များသည် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်များ အပါအဝင် စစ်တပ်၏ ဆိုးရွားပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများမှ ရှန်းကန်ရှင်သန်ရေးနှင့် ကျယ်ပြန့်လာနေသော လျှို့ဝှက်ထောက်လှမ်းမှုနှင့် အခြေခံလွတ်လပ်ခွင့်များအပေါ် တိုက်ခိုက်မှုမျိုးစုံတို့ကို ဆန့်ကျင်ရာတွင် အလွန်အရေးကြီးသည်။

၁၂ လကျော်ကြာကာလအတွင်း မြန်မာနိုင်ငံ ပြည်တွင်း၊ ပြည်ပရှိ ပါဝင်ပတ်သက်သူများ (stakeholder) ကို မိမိတို့မှ ရှည်ကြာသော တွေ့ဆုံမေးမြန်းမှုများ လုပ်ဆောင်ခဲ့သည်။ မြန်မာနိုင်ငံတွင် လက်ရှိစစ်ကောင်စီအောက်၌ လူ့အခွင့်အရေးအတွက် စည်းရုံးလှုံ့ဆော်ရန် မျှော်လင့်ချက်အနည်းငယ်မျှသာရှိကြောင်းနှင့် လူထုနှင့်ထိတွေ့ဆက်ဆံမှုသည် ကျော်လွှားရန်မဖြစ်နိုင်လောက်သော စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရကြောင်း မိမိတို့ စကားပြောဆိုခဲ့သည့် တက်ကြွလှုပ်ရှားသူများ၊ ကုမ္ပဏီကိုယ်စားလှယ်များ၊ လူ့အခွင့်အရေးကျွမ်းကျင်သူများ၊ CSO အဖွဲ့ဝင်များ အားလုံးက အလေးအနက်ပြောကြားသည်။ CSO များနှင့် ဆွေးနွေးမှုများမှတစ်ဆင့် မြန်မာနိုင်ငံအတွက် ၎င်းတို့လိုလားသော အနာဂတ်ကို ပူးပေါင်းဆုံးဖြတ်ကြရန် အကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။

အလွန်အမင်းစိန်ခေါ်မှုကြီးမားသည့် အခင်းအကျင်းရှိနေပြီး မြန်မာနိုင်ငံသည် CSO များအတွက် စိန်ခေါ်မှုအကြီးမားဆုံးသော နိုင်ငံများအနက်တစ်ခု ဖြစ်နေနိုင်သော်လည်း ICT နယ်ပယ်နှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းတို့အကြား အကျိုးဖြစ်ထွန်းသည့် ထိတွေ့ဆက်ဆံမှုလုပ်ဆောင်နိုင်သည့် ရပ်ဝန်းအချို့ရှာတွေ့ရန် မျှော်လင့်ချက်အနည်းငယ်ရှိသည်။ နိုင်ငံတကာအသိုင်းအဝိုင်း၊ အလှူရှင်များနှင့် NGO များ အပါအဝင် ကွန်ရက်များနှင့်မဟာမိတ်များသည် အရေးပါသည်။ သို့သော် သေးငယ်သောခြေလှမ်းများ၏အရေးကြီးမှုကို အသိအမှတ်ပြု၍ ပိုမိုကောင်းမွန်သော အုပ်ချုပ်မှု၏ အခြေခံအုတ်မြစ်များကို တည်ဆောက်လျက် ပန်းတိုင်များသည် လက်တွေ့ကျရန် လိုအပ်သည်။ ထို့အပြင် အရပ်သား အ

စိုးရပြန်လည် အုပ်ချုပ်ချိန်တွင် မည်သည့် ICT ဥပဒေမူဘောင်နှင့် စီးပွားရေးဖြစ်သင့်သည်ကို ထည့်သွင်းစဥ်းစားသော ရေရှည်အလေးထားလုပ်ဆောင်မှုတစ်ရပ်ကိုလည်း လိုအပ်သည်။

အဆိုပါအချက်များကို ထည့်သွင်းစဥ်းစားပြီး မြန်မာနိုင်ငံ၌ လွတ်လပ်စွာထုတ်ဖော်ပြောခွင့်နှင့် ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်တို့ကို ကာကွယ်ပေးရေးဆိုင်ရာ အရပ်ဘက်လူမှုအဖွဲ့အစည်းများ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နိုင်သည့် လုပ်ငန်းစဥ်အတွက် ARTICLE 19 မှ အောက်ပါ နည်းလမ်း ၁၄ ခုကို အကြံပြုတိုက်တွန်းအပ်ပါသည်။

## အရပ်ဘက်လူမှုအသိုင်းအဝိုင်းအတွက် အကြံပြုတိုက်တွန်းချက်များ

### အကြံပြုတိုက်တွန်းချက် ၁ - နိုင်ငံတကာအသိုင်းအဝိုင်းနှင့် ထိတွေ့ဆက်ဆံရန်

ဆယ်စုနှစ်များစွာအတွင်း မြန်မာနိုင်ငံရှိ စနစ်တကျလူ့အခွင့်အရေးချိုးဖောက်မှုများကိုဖြေရှင်းရန် တစ်ကမ္ဘာလုံးဆိုင်ရာကြိုးပမ်းမှုများသည် နိုင်ငံရေး၊ စီးပွားရေး၊ နှင့် မဟာဗျူဟာဆိုင်ရာ စိန်ခေါ်မှုများကြောင့် အဟန့်အတားဖြစ်ခဲ့ပြီး စစ်တပ်ကို တစ်လုံးတဝတည်း ဆန့်ကျင်ရေးအတွက် အတားအဆီး ဖြစ်ခဲ့သည်။

[အာဆီယံ၏ Digital Masterplan 2025]() တွင် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို အကာအကွယ်ပေးရန် ပိုမိုကောင်းမွန်သော စည်းမျဥ်းများ ဦးစားပေးလိုအပ်ကြောင်း ဖောင်းပေးဖော်ပြသော်လည်း [နိုင်ငံများသည် ဒစ်ဂျစ်တယ်အခွင့်အရေးကို ချိုးဖောက်နေသည့် လစ်ဘရယ်မကျသော ICT ဥပဒေများကို သာသာထိုးထိုး ချမှတ်လာနေသည်]()ကို ဒေသတွင်းရေစီးကြောင်းများ၌ တွေ့ရှိရသည်။ လူ့အခွင့်အရေးဥပဒေများကို နေရာကွက်ကြားသာ လိုက်နာလုပ်ဆောင်မှုရှိခြင်းနှင့် ဒေသတွင်းလူ့အခွင့်အရေးကာကွယ်မှုယန္တရားများမရှိနေခြင်းတို့ကြောင့် မြန်မာစစ်ကောင်စီအတွက် မည်သည့် ပေါ်ထွန်းစ အချက်အလက်ကာကွယ်ရေးနှင့် လူ့အခွင့်အရေးကာကွယ်ရေးစံနှုန်းကိုမဆို လိုက်နာရန် ဖိအားအနည်းငယ်သာရှိနေသည့် သဘောသက်ရောက်သည်။ ဤအခြေအနေ၌ စီးပွားရေးလုပ်ငန်းများမှ လူ့အခွင့်အရေးကို လေးစားတန်ဖိုးထားသည့် ၎င်းတို့၏ဝတ္တရားကို မည်မျှထမ်းဆောင်သည်ဆိုသောအချက်ပေါ်များစွာ တည်မှီနေသည်။ စီးပွားရေးလုပ်ငန်းများ အဆိုပါစံနှုန်းများကို လိုက်နာလုပ်ဆောင်ရန်နှင့် ကောင်းမွန်သော အပြောင်းအလဲများ မောင်းနှင်ဖော်ဆောင်ရန် စည်းရုံးလှုံ့ဆော်ခြင်းအားဖြင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ အခန်းကဏ္ဍသည် အရေးကြီးသည်။ 'နိုင်ငံအတွင်း အကျပ်အတည်းများကို ဖြေရှင်းရန် မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းကို အလွန်အရေးကြီးသော မိတ်ဖက်အဖြစ် ရှုမြင်ရန်' ကုလသမဂ္ဂ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်က [နိုင်ငံတကာ အသိုင်းအဝိုင်းကို တိုက်တွန်း]()ထားသည်။

မြန်မာနိုင်ငံသံခင်းတမန်ခင်းအရ နိုင်ငံရေးထိရှလွယ်သည့်အခြေအနေတွင် CSO များအနေဖြင့် နိုင်ငံတကာအသိုင်း အဝိုင်းကို စည်းရုံးလှုံ့ဆော်ရန် သစ်လွင်ဖန်တီးသည့် မဟာဗျူဟာများကို ညှိနှိုင်းပူးပေါင်းရေးဆွဲပြီး ချမှတ်ကျင့်သုံးရန် မိမိတို့ အကြံပြုတိုက်တွန်းသည်။ ကြားဝင်လုပ်ဆောင်နိုင်ရန် သိသာထင်ရှားသော အချက်များမှာ [ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုယန္တရား (IIMM)]()၊ ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံး

သပ်သည့်လုပ်ငန်းစဉ် (UPR) ကဲ့သို့ အထူးလုပ်ထုံးလုပ်နည်းများ၊ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၊ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ်တို့ထံမှ တစ်ဆင့် ဖြစ်သည်။ UNGP များသည်လည်း စီးပွားရေးနှင့် ဆက်နွယ်သော လူ့အခွင့်အရေးသက်ရောက်မှုများ ကာကွယ်ခြင်း၊ တားဆီးခြင်းနှင့် ပြန်လည်ကုစားခြင်းတို့အတွက် ဘက်စုံ၊ ပါဝင်ပတ်သက်သူပေါင်းစုံ ချဉ်းကပ်မှုများ၏ အခြေခံအရေးကြီးမှုကို အားဖြည့်ပံ့ပိုးပေးသည့်အတွက် စည်းရုံးလှုံ့ဆော်ရေးအတွက် UNGP များကို အဓိက အခြေခံကောက်ကြောင်းအဖြစ် အသုံးပြုသည်။ ကုသသမဂ္ဂ စီးပွားရေးများနှင့် လူ့အခွင့်အရေးဆိုင်ရာ အလုပ်အဖွဲ့ကလည်း မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများကို သာမန်ထက်ပိုသော HRDD လုပ်ငန်းစဉ် လုပ်ဆောင်ရန် တောင်းဆိုသော ထုတ်ပြန်ချက်တစ်စောင် ထုတ်ပြန်ထားသည်။

## အကြံပြုတိုက်တွန်းချက် ၂ - Freedom Online Coalition နှင့် တွဲဘက်လုပ်ဆောင်ရန်

Freedom Online Coalition သည် လူ့အခွင့်အရေး၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်တို့အရေး နိုင်ငံများအချင်းချင်း ဖေးမစာနာရေးဆောင်ရွက်သည်။ ယင်းညွန့်ပေါင်းအဖွဲ့ကြီး၏ အဖွဲ့ဝင်များက ကမ္ဘာတစ်ဝန်းအင်တာနက်လွတ်လပ်ခွင့်ကို ထောက်ပံ့အားပေးရန်အတွက် သံခင်းတမန်ခင်းအားထုတ်မှုကို ညှိနှိုင်းပူးပေါင်းဆောင်ရွက်သလို အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် ပုဂ္ဂလိကစီးပွားရေးနယ်ပယ်များနှင့်လည်း ထိတွေ့ဆက်ဆံရန် နီးနီးကပ်ကပ်ပူးပေါင်း လုပ်ကိုင်ကြသည်။ OHCHR က Freedom Online Coalition ကို အင်တာနက်လွတ်လပ်ခွင့်အပေါ် ဘက်စုံသဘောတူညီချက်တစ်ရပ် အောင်မြင်ရေးကို ရည်ရွယ်သော ပူးပေါင်းလုပ်ဆောင်မှု နမူနာပြယုဂ်တစ်ခုအဖြစ် ဖော်ညွှန်းသည်။

Freedom Online Coalition အဖွဲ့ဝင်အချို့သည် မြန်မာနိုင်ငံတွင် တက်တက်ကြွကြွဆောင်ရွက်နေသော်လည်း လက်ရှိအချိန်အထိ Freedom Online Coalition သည် မြန်မာနိုင်ငံအတွင်းမှ CSO များနှင့် ထိတွေ့ဆက်ဆံရန် ဆောင်ရွက်ခြင်း မရှိသေးပါ။ CSO များသည် ညွန့်ပေါင်းနှင့် ၎င်းအဖွဲ့ဝင်များကို မြန်မာနိုင်ငံနှင့်ပတ်သက်၍ နိုင်ငံတကာအဆင့်၌ သံတမန်ရေး ညှိနှိုင်းပူးပေါင်းလုပ်ဆောင်မှုပြုရန်နှင့် အစိုးရ၏လျှို့ဝှက်ထောက်လှမ်းမှုနည်းပညာအသုံးပြုမှုအပေါ် လမ်းညွှန်အခြေခံမှုများကဲ့သို့ ညွှန့်ပေါင်းအဖွဲ့က လိုက်နာကျင့်သုံးသည့် စံနှုန်းများမှအချို့ကို ချမှတ်နိုင်ရန် စည်းရုံးနိုင်လိမ့်မည်ဟု မိမိတို့ ယုံကြည်သည်။

## အကြံပြုတိုက်တွန်းချက် ၃ - မြန်မာပြည်သူများအကြား လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်၊ အချက်အလက်ကာကွယ်ရေးအကြောင်း အသိပညာပေးလုပ်ငန်းမြှင့်တင်ရန်

ICT စီးပွားရေးလုပ်ငန်းများ၏အခန်းကဏ္ဍ၊ အချက်အလက်ကာကွယ်ရေး၊ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် လူ့အခွင့်အရေးတို့အပေါ် ၎င်းတို့၏သက်ရောက်မှုသည် နေရာအနှံ့ ပြဿနာတစ်ရပ်ဖြစ်နေသော်လည်း မြန်မာနိုင်ငံတွင် အထူးသဖြင့် အသက်အရွယ်ကြီးရင့်သောသုံးစွဲသူများအကြား အများပြည်သူသိကျွမ်းနားလည်မှုမှာ နိမ့်ပါးနေဆဲဖြစ်သည်။ ၎င်းအခြေအနေသည် Telenor Myanmar ရောင်းချမှုနောက်ပိုင်း စတင်

ပြောင်းလဲခဲ့ပြီး ပြည်သူများစွာသည် Facebook ကဲ့သို့ ပိတ်ဆို့ထားသော ဝက်ဆိုက်များကို ပုံရိပ်ယောင်သီးသန့်ကွန်ရက် (VPN) များပြောင်းလဲသုံးစွဲ၍ ဝင်ရောက်ခဲ့ကြသည်။

ထို့အပြင် မြန်မာ့ယဉ်ကျေးမှုတွင် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်သည် လူမှုအသိုင်းအဝန်းနှင့် သီးခြားဖြစ်တည်မှုအဖြစ် အနုတ်လက္ခဏာသဘောဖြင့် ရှုမြင်ခံရနိုင်သည်။ Privacy သည် မြန်မာဘာသာစကားသို့ အလွယ်တကူ ပြန်ဆို၍ရသောစကားလုံး မဟုတ်ပေ။ အသိပညာပေးနှင့် နားလည်သဘောပေါက်မှု မရှိခြင်းတို့နှင့်အတူ အချက်အလက်ကာကွယ်ရေးဥပဒေမူဘောင် ကင်းမဲ့ခြင်းတို့ကြောင့် ပြည်သူများသည် ၎င်းတို့ကိုယ်တိုင်နှင့် အခြားသူများကိုပါ အန္တရာယ်ကျရောက်စေနိုင်ကြောင်း Myanmar Centre for Responsible Business (MCRB)မှ ထောက်ပြသည်။ ထို့ကြောင့် ၎င်းတို့၏အချက်အလက်များကို ကာကွယ်မပေးထားကြောင်းနှင့် အတိုက်အခံများကိုနှိပ်ကွပ်ရန် စစ်တပ်သည် အွန်လိုင်းအချက်အလက်များကို စောင့်ကြည့်နေကြောင်း ပြည်သူများသဘောပေါက်ရန် အရေးပေါ် လိုအပ်သည်။ စစ်တပ်၏စွမ်းရည်သည် အလျင်အမြန် ကြီးထွားလာနေပြီး CSO များအနေဖြင့်လည်း ယင်းသည် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ပြဿနာသက်သက်မဟုတ်ဘဲ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အရေးလည်းဖြစ်ကြောင်း နားလည်သဘောပေါက်ရန် အရေးကြီးသည်။

## အကြံပြုတိုက်တွန်းချက် ၄ - ကိုယ်ရေးကိုယ်တာအချက်အလက်များနှင့် ငွေကြေးသုံးစွဲဝယ်ယူမှုများကို လုံခြုံအောင် လုပ်ဆောင်ရန်

မြန်မာပြည်သူများသည် CSO များ၏ ပံ့ပိုးမှုဖြင့် ၎င်းတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို လျှို့ဝှက်ထောက်လှမ်းရေးနည်းပညာများနှင့် ပြောင်းလဲနေသော ဥပဒေဆိုင်ရာအခင်းအကျင်းများမှ ကာကွယ်ရန် ကြိုတင်လုပ်ဆောင်မှုအစီအမံများ လုပ်ဆောင်ရန် အရေးကြီးသည်။ အရပ်ဘက်လူမှုအသိုင်းအဝိုင်းတစ်ခုလုံး အစိတ်စိတ်အမွှာမွှာဖြစ်နေခြင်း၊ ဝေးလံခေါင်သီသော သို့မဟုတ် တိုင်းရင်းသားဒေသများ၌ အင်တာနက်ကန့်သတ်ခံရခြင်းနှင့် စစ်တပ်က ထိန်းချုပ်သောကွန်ရက်များ ကြီးစိုးနေခြင်းတို့ကြောင့် စိန်ခေါ်မှုများရှိနေသည့် အခြေအနေတွင် အသိပညာပေးလုပ်ငန်းသည် အလွန်အရေးကြီးသော အလုပ်ဖြစ်သည်။ ၎င်းပြဿနာကို ထိရောက်စွာဖြေရှင်းရန် ဒေသတွင်း ကနဦးလုပ်ဆောင်ချက်များသည် နိုင်ငံတကာ CSO များ၏ ထောက်ပံ့ကူညီမှုများမှတစ်ဆင့် အကျိုးများနိုင်သည်။

မြန်မာနိုင်ငံအတွင်း ဆက်သွယ်ရေးအတွက် တက်ကြွလှုပ်ရှားသူများသည် တရားဝင်နှင့် အလွတ်သဘော ဒစ်ဂျစ်တယ်ကွန်ရက် နှစ်မျိုးစလုံးကို အသုံးပြုသည်။ စောင့်ကြည့်ရန်ခက်ခဲပြီး အတိုင်းအတာတစ်ခုအထိ လုံခြုံပြီး ကြားမှဖောက်ဖတ်မရအောင် ဝှက်ထားသည့် encrypted ပလက်ဖောင်းများမှတစ်ဆင့် ဆက်သွယ်ခြင်းကဲ့သို့ 'အလှုပ်' အချက်အလက်များ၏ အရေးကြီးမှုကို နားလည်ပြီး ဖုန်း၊ ကွန်ပြူတာကဲ့သို့ စက်ကိရိယာပေါ်တွင် သိမ်းထားသော ဖုန်းလိပ်စာများ၊ အွန်လိုင်းတွင်မိမိရှာဖွေခဲ့သောအရာများ၊ ငွေရေးကြေးရေးသုံးစွဲဝယ်ယူမှုများနှင့် တည်နေရာအချက်အလက်များဖြစ်သည့် 'အငြိမ်'အချက်အလက်များသည် ဟက်ကင်းလုပ်ရန်၊ သိမ်းဆည်းရန်၊ သို့မဟုတ် ဆေးမှုခင်းဆိုင်ရာခွဲ ခြမ်းစိတ်ဖြာရန် အလွန်ပျော့ကွက်ရှိသော အချက်အလက်များဖြစ်သည်ကို သတိပြုမည်ဆိုပါက တက်ကြွလှုပ်ရှားသူများအတွက် အထူး အကျိုးများမည်ဖြစ်သည်။ ICT ပံ့ပိုးမှုလုပ်ငန်းများမှတစ်ဆင့် အချက်အလက်များဝင်ရောက်ရယူမှု စွမ်းရည်မြင့်တက်လာနေသော်လည်း စစ်တပ်သည် ထိခိုက်လွယ်သောသတင်းအချက်အလက်များကို ရှာဖွေရန် အဆိုပါ

နည်းလမ်းများအပေါ် မှီခိုနေဆဲဖြစ်သည်။ ရုပ်ဝတ္ထုကိရိယာများ၌ အချက်အလက်များသိုမှီးမှုပမာဏ အနည်းဆုံး ထားခြင်း၊ နှင့် ပုံမှန် format ချခြင်း၊ reset ချခြင်း၊ သို့မဟုတ် အခြားကိရိယာဖြင့် အစားထိုးသုံးခြင်းဖြင့် တက်ကြွလှုပ်ရှားသူများ၏ 'အငြိမ်' အချက်အလက်များ အပါမခံရစေရန် ကာကွယ်နိုင်ပြီး မသမာသူများလက်ထဲ ၎င်းကိရိယာများ ကျရောက်သွားမည့် အန္တရာယ်ကို လျှော့ချစေနိုင်သည်။

စစ်တပ်က တော်လှန်ရေးအုပ်စုများနှင့် လှုပ်ရှားမှုများအတွက် ရန်ပုံငွေများ ကန့်သတ်ရန် ကြိုးပမ်းနေရာ ငွေကြေးသုံးစွဲဝယ်ယူမှုများကို စိစစ်မှုမှာလည်း မြင့်မားလာနေသည်။ စစ်တပ်သည် အတိုက်အခံအုပ်စုများနှင့် ၎င်းတို့အားထောက်ခံသူများကို ပစ်မှတ်ထားရန် လက်ရှိတွင် သိမ်းဆည်းရမိထားသော စက်ကိရိယာများကို ဆေးမှုခင်းခွဲခြမ်းစိတ်ဖြာရေး၊ ဘဏ်နှင့် အခြားဘဏ္ဍာရေးဝန်ဆောင်မှုများမှ စုစည်းထားသည့် အချက်အလက်များအသုံးချမှုတို့ကို အလေးထား လုပ်ဆောင်နေသည်။ မြန်မာနိုင်ငံအခြေစိုက် CSO များအနေဖြင့် ဒစ်ဂျစ်တယ်ငွေကြေးသုံးစွဲဝယ်ယူမှုများလုပ်ဆောင်ခြင်းကြောင့် ကျရောက်နိုင်သည့်အန္တရာယ်ကို ဆန်းစစ်အကဲဖြတ်ရန်နှင့် အချက်အလက်ကာကွယ်ရေးနှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်အတွက် အခြေခံကျသော အဆိုပါခြိမ်းခြောက်မှုများအကြောင်းကို ကောင်းစွာနားလည်သဘောပေါက်ထားစေရေးကို လုပ်ဆောင်ရန် မိမိတို့ အကြံပြုတိုက်တွန်းသည်။

## အကြံပြုတိုက်တွန်းချက် ၅ - လူ့အခွင့်အရေးနှင့်သက်ဆိုင်သည့် အန္တရာယ်ကျရောက်နိုင်ခြေများကို ပြည်တွင်းစီးပွားရေးလုပ်ငန်းများနှင့် တို့ထိဆွေးနွေးရန်

Global Network Initiative (GNI) မှ ချမှတ်ထားသော အခြေခံမူများ၏လမ်းညွှန်မှုဖြင့် စီးပွားရေးလုပ်ငန်းများ စုပေါင်းလုပ်ဆောင်မှုကို မြှင့်တင်ရန် အရေးကြီးသည်။ တစ်ဦးချင်းအားထုတ်မှုထက် စုပေါင်းသြဇာကို ပိုအလေးထားသည့် ချဉ်းကပ်မှုသည် မြန်မာနိုင်ငံအတွက် အပေါင်းသဘောအပြောင်းအလဲများ ယူဆောင်လာနိုင်မည့် အလားအလာကောင်းများ ရှိသည်။

ယင်းကိစ္စဖြစ်မြောက်ရန် ပြည်တွင်းစီးပွားရေးလုပ်ငန်းများအတွင်း လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်၊ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်၊ နှင့် အချက်အလက်ကာကွယ်ရေး ပြဿနာများဆိုင်ရာ အများပြည်သူအသိပညာပေးရေးကို တက်ကြွစွာ လုပ်ဆောင်ရန် မြန်မာနိုင်ငံမှ CSO များကို မိမိတို့ အကြံပြုတိုက်တွန်းသည်။ ထိုကဲ့သို့လုပ်ဆောင်နိုင်ရန် လူမှုအသိုင်းအဝိုင်းအတွင်း အများပြည်သူအသိပညာပေးမှု မောင်းနှင်ဆောင်ရွက်ရန် အထူးပုံစံထုတ်ထားသည့် ဒစ်ဂျစ်တယ်အခွင့်အရေးဖိုရမ် တစ်ခု တည်ထောင်ရန် သို့မဟုတ် ပြန်လည်အသက်သွင်းရန် မိမိတို့ အဆိုပြုသည်။ အွန်လိုင်းမှ ပုံမှန်လုပ်ဆောင်သည့် ဤဖိုရမ်သည် နိုင်ငံတကာစံနှုန်းများနှင့် နိုင်ငံဆိုင်ရာစိုးရိမ်စရာကိစ္စများကို ဆက်စပ်၊ ဆီလျော်သည့်နည်းလမ်းတစ်ခုဖြင့် ဆွေးနွေးရန်၊ အကောင်းဆုံးအလေ့အထများကို ရှာဖွေဖော်ထုတ်ရန်နှင့် သာမန်ထက်ပိုသော HR-DD လုပ်ငန်းစဥ်များအရေး စည်းရုံးလှုံ့ဆော်ရန် အခွင့်အလမ်းရှိတစ်ရပ်ကို ဖော်ဆောင်ပေးမည်ဖြစ်သည်။ ထို့အပြင် ယင်းဖိုရမ်သည် CSO များ၊ စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးသမားများ ( ဥပမာ - ကုန်သည်များအသင်းများ၊ လုပ်ငန်းသမဂ္ဂများ၊ စသဖြင့်) ညီညွတ်သော အရပ်ဘက်လူမှုအသိုင်းအဝိုင်းလုပ်ငန်းစဥ်တစ်ရပ် ညှိနှိုင်းပူးပေါင်းဖော်ဆောင်ရန်နှင့် မဟာမိတ်ကွန်ရက်တည်ဆောက်ရန် အကူအညီပေးနိုင်သည်။

CSO များအတွက် စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းများနှင့် စိန်ခေါ်မှုများတွင် ပွင့်လင်းမြင်သာစွာ ပါဝင်ထိတွေ့ဆက်ဆံရန် ဆန္ဒရှိသည့် စီးပွားရေးလုပ်ငန်းများနှင့် ယင်းကဲ့သို့သော ပူးပေါင်းဆောင်ရွက်မှုကို ကန့်ကွက်ကောင်းကန့်ကွက်နိုင်သည့် လုပ်ငန်းများကို ရှာဖွေဖော်ထုတ်နိုင်သော နည်းလမ်းတစ်ရပ်အနေဖြင့် ဖိုရမ်သည် လုပ်ငန်းဆိုင်ရာ ပွဲများနှင့် ဆွေးနွေးပွဲများတွင် ပါဝင်နိုင်သည်။ ယင်းအပြင် အဆိုပါဖိုရမ်များတွင် ပါဝင်သော စီးပွားရေးလုပ်ငန်းများသည် SAC နှင့် အဆက်အသွယ်ရှိနေနိုင်သည့်အတွက် ၎င်းတို့ကို မရှိမဖြစ်လိုအပ်သော ဥပဒေပြုပြင်ပြောင်းလဲရေးအတွက် စည်းရုံးလှုံ့ဆော်ရေး ဆောင်ရွက်လာစေနိုင်မည်ဖြစ်သည်။

## အကြံပြုတိုက်တွန်းချက် ၆ - မြန်မာနိုင်ငံတွင် လည်ပတ်နေသော ကုမ္ပဏီများနှင့် ထိတွေ့ဆက်ဆံရန် နိုင်ငံတကာစံနှုန်းများနှင့် လုပ်ငန်းနယ်ပယ်ကဦးဆောင်ထိန်းကျောင်းသည့် လုပ်ငန်းစဥ်များကို အသုံးပြုရန်

နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများကို နည်းလမ်းမျိုးစုံဖြင့် ချိုးဖောက်နေသည့် မြန်မာနိုင်ငံ၏ လက်ရှိ စည်းမျဥ်းစည်းကမ်းအခင်းအကျင်းတွင် နည်းပညာကုမ္ပဏီများသည် ၎င်းတို့၏ HRDD လုပ်ငန်းစဥ်၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ဆောင်ချက်များအသေအချာဖြစ်စေရေးအတွက် အချက်အလက်ဆိုင်ရာ ကိုယ်ရေးကိုယ်တာ လွတ်လပ်ခွင့်တွင် အကောင်းဆုံး အလေ့အထများကို ချမှတ်လိုက်နာရမည် ဖြစ်သည်။

ဥရောပသမဂ္ဂ GDPR အပိုဒ် ၅ တွင် အချက်အလက်များကို ကိုင်တွယ်စီမံသူတိုင်းသည် အကာအကွယ်ပေးရေးနှင့် တာဝန်ယူမှုတာဝန်ခံမှုဆိုင်ရာ မူဝါဒခုနစ်ခုနှင့်အညီ လုပ်ဆောင်သင့်သည်ဟု ပါရှိသည်။ ၎င်းခုနစ်ခုမှာ (၁) ဥပဒေနှင့်ညီခြင်း၊ မျှတခြင်းနှင့် ပွင့်လင်းမြင်သာခြင်း၊ (၂) ရည်ရွယ်ချက်ကန့်သတ်ခြင်း၊ (၃) အချက်အလက်နည်းနိုင်သမျှနည်းအောင်လုပ်ခြင်း၊ (၄) မှန်ကန်တိကျမှုရှိခြင်း၊ (၅) သိုလှောင်ပမာဏကန့်သတ်ခြင်း၊ (၆) ဖြောင့်မတ်မှုနှင့် လျှို့ဝှက်ထိန်းသိမ်းမှု၊ နှင့် (၇) တာဝန်ယူမှုတာဝန်ခံမှုတို့ ဖြစ်သည်။ အလားတူပင် အပြည်ပြည်ဆိုင်ရာကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ဆိုင်ရာ ကျွမ်းကျင်သူများအဖွဲ့အစည်းကလည်း 'ပုဂ္ဂိုလ်ရေးအချက်အလက်များကောက်ယူရာတွင် အကန့်အသတ်များ ရှိသင့်ပြီး ယင်းကဲ့သို့သောအချက်အလက်များကို အချက်အလက်များနှင့်ပတ်သက်သော အကြောင်းအရာများနှင့်ပတ်သက်သည့် အသိပေးမှု သို့မဟုတ် ခွင့်ပြုချက်ပေးထားသောအခြေအနေတွင် ဥပဒေနှင့်ညီပြီး မျှတသော လုပ်နည်းလုပ်ဟန်ဖြင့် လုပ်ဆောင်သင့်သည်'ဟု ရှင်းဆိုပြောကြားသည်။ အချက်အလက်နည်းနိုင်သမျှနည်းအောင်လုပ်ဆောင်ရေးမူဝါဒသည် ကိုယ်ရေးကိုယ်တာလွတ်လပ်ကိုထိပါးမှု လျှော့ချရေးတွင် အထူးအရေးကြီးသည်။ ထို့ကြောင့် နည်းပညာကုမ္ပဏီများသည် ပုဂ္ဂိုလ်ရေးအချက်အလက်များကို သီးသန့်ရည်ရွယ်ချက်ပြီးမြောက်ရန်အတွက် တိုက်ရိုက်သက်ဆိုင်ပြီး လိုအပ်သည်အထိသာ ကောက်ယူသင့်ပြီး အချက်အလက်များကို အဆိုပါရည်ရွယ်ချက်ပြီးမြောက်ရန် လိုအပ်သည့် အချိန်ကာလအထိသာ သိမ်းဆည်းထားသင့်သည်။

ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့်ပတ်သက်၍ တာဝန်ယူမှုရှိသော စီးပွားရေးဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုများအတွက် စံနှုန်းများသတ်မှတ်ရန်ကြိုးပမ်းနေသည့် ICT လုပ်ငန်းနယ်ပယ်က ဦးစီးမောင်းနှင်သော လုပ်ငန်းစဥ်တစ်ခုဖြစ်သည့် GNI သည် မဖြစ်မနေလုပ်ဆောင်ရသည့်၊ အချက်အလက်များကို ကြားဖြတ်ဖောက်ဆောင်ရွက်မှု အပေါ် ပို၍ပွင့်လင်းမြင်သာမှုရှိပြီး ဆွေးနွေးနိုးနှောမှု မဖြစ်မနေရှိစေရေးကို တိုက်တွန်းသည်။ 'လျှို့ဝှက်ထောက်လှမ်းမှု လုပ်ရန်ခွင့်ပြုထားသော ရည်ရွယ်ချက်နှင့် အချိုးအစားညီမျှစွာလုပ်ဆောင်ရန်နှင့် လူ့အခွင့်

အရေးချိုးဖောက်ခေါင်းပုံ ဖြတ်မှု မလုပ်ရေးအတွက် ထိရောက်သော အာမခံချက်ရှိစေရန် လုံလောက်သော လုပ်ပိုင်ခွင့် ပြုမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ ကြီးကြပ်မှုများနှင့် ကုစားမှုများ ပံ့ပိုးပေးရန်'၊ 'ကုမ္ပဏီများကို ၎င်းတို့ကွန်ရက်များ အတွင်း ကြားဖြတ်ဖောက်ဝင်မှုနှင့် အချက်အလက်များ ရယူမှုနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ ထုတ်ပြန်ဖော်ပြခွင့်ပြုရန်'၊ နှင့် 'အဆိုပါအချက်အလက်များကို ပြည်သူ့ရေးရာ၊ အုပ်ချုပ်မှုရေးရာ သို့မဟုတ် ရာဇဝတ်ကြောင်းအရ လုပ်ထုံးလုပ်နည်းများတွင် အသုံးပြုမည်ဆိုပါက အချိန်မနှောင်းဘဲ ဖော်ပြမှုရှိစေရေးသေချာစေရန်' အကုန်လုံးလက်လှမ်းမီခွင့်ရသည့် အချက်အလက်ကောက်ယူမှုအားလုံးနှင့် ပတ်သက်သည့် ဥပဒေရှိရေးကိုလည်း GNI က တောင်းဆိုသည်။

'ပုံစံဒီဇိုင်းအားဖြင့်ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်' သည် ဥရောပသမဂ္ဂ GDPR အပါအဝင် ကမ္ဘာတစ်ဝန်းလုံးရှိ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ဆိုင်ရာစည်းမျဉ်းစည်းကမ်းများအရ ယခုချိန်တွင် ဥပဒေအရ လိုအပ်ချက်တစ်ခု ဖြစ်သည်။ GDPR အပိုဒ် ၂၅၊ 'ဒီဇိုင်းပုံစံနှင့် နဂိုရှိရင်းအခြေအနေအရ အချက်အလက်ကာကွယ်ပေးခြင်း'အပိုဒ်အရ အချက်အလက်လုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ဆိုင်ရာရပိုင်ခွင့်များကို လေးစားလိုက်နာရန်အတွက် အချက်အလက်ထိန်းချုပ်သူများသည် 'နည်းပညာဆိုင်ရာနှင့် အဖွဲ့အစည်းဆိုင်ရာ အစီအမံများ' အကောင်အထည်ဖော်ရန် လိုအပ်သည်။ ၂၀၂၀ ခုနှစ် ဇန်နဝါရီလတွင် အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ရေးအဖွဲ့အစည်း(ISO)က ICT ကုမ္ပဏီများအကောင်အထည်ဖော်ရန် တာဝန်ရှိသည့် သုံးစွဲသူကုန်စည်နှင့်ဝန်ဆောင်မှုဆိုင်ရာအတွက် ဒီဇိုင်းပုံစံအရ ကိုယ်ရေးကိုယ်တာလွတ်လပ်မှုရှိစေရေးနှင့်ပတ်သက်သည့် ISO 31700-1:2023 စံသတ်မှတ်ချက်အသစ်ကို ထုတ်ပြန်ခဲ့သည်။ ယင်းစံ သတ်မှတ်ချက်အသစ်သည် နည်းပညာဖွံ့ဖြိုးမှုအဆင့်အားလုံးတစ်လျှောက် လူ့အခွင့်အရေးကို ကာကွယ်ပေးသည်။

CSO များအနေဖြင့် ကုမ္ပဏီများကို ဒီဇိုင်းပုံစံအရ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ရှိခြင်း အယူအဆနှင့်အညီ ပြုမူဆောင်ရွက်ရန် ဥပမာအားဖြင့် မလိုအပ်သော ပုဂ္ဂိုလ်ရေးအချက်အလက်များ တောင်းခံမှုမပြုခြင်း သို့မဟုတ် အချက်အလက်များ ကောက်ယူရသည့်ရည်ရွယ်ချက်ထက် ပိုကျော်လွန်၍ သုံးစွဲမှုမပြုခြင်း၊ အန္တရာယ်ကျရောက်နိုင်ခြေတစ်စုံတစ်ရာ ရှိပါက အသိပေးခြင်း၊ နှင့် အချက်အလက်များ ဘေးကင်းလုံခြုံအောင် မည်သို့လုပ်ဆောင်မည့်အရေး အပြန်အလှန်ဆက် သွယ်ခြင်း တို့ကို MCRB က အကြံပြုသည်။ ပုံစံဒီဇိုင်းအားဖြင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ဆိုသည်မှာ အခြေခံမူ ခုနစ်ခု ပါဝင်သည့် ကျယ်ပြန့်သောချဉ်းကပ်မှု တစ်ခုဖြင့် ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် စနစ်ဒီဇိုင်းပုံစံတို့ကို နဂိုရှိရင်းစွဲအခြေအနေတွင် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ရှိစေရေး ပေါင်းစပ်ဖွဲ့စည်းထားခြင်းကို ဆိုလိုသည်။ အခြေခံမူခုနစ်ခုမှာ အောက်ပါတို့ ဖြစ်သည်။ (၁) တန်ပြန်ဆောင်ရွက်ခြင်းမဟုတ်သော ကြိုတင်ဦးစွာဆောင်ရွက်မှု (ရောဂါကုသရေးထက် ကြိုတင်ကာကွယ်ရေး)၊ (၂) နဂိုရှိရင်းစွဲ ဆက်တင်တွင် ကိုယ်ရေးကိုယ်တာလွတ်လပ်မှုရှိခြင်း၊ (၃) ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ဒီဇိုင်းပုံစံတွင် ထည့်သွင်းထားခြင်း၊ (၄) အပြည့်အဝလုပ်ဆောင်နိုင်စွမ်းရှိခြင်း၊ (၅) end-to-end လုံခြုံရေး (တစ်သက်တာအကာအကွယ်ပေးခြင်း)၊ (၆) မြင်သာထင်သာရှိပြီး ပွင့်လင်းမြင်သာမှု ရှိခြင်း၊ နှင့် (၇) အသုံးပြုသူ၏ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို လေးစားခြင်း (အသုံးပြုသူဗဟိုပြုအဖြစ်ထားရှိခြင်း)။

## အကြံပြုတိုက်တွန်းချက် ၇ - ကုမ္ပဏီများကို စည်းရုံးလှုံ့ဆော်ရန် ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဗျူဟာတစ်ရပ် ရေးဆွဲရန်

ဖိနှိပ်သောအာဏာရှင်စနစ်ကို တိုက်ပွဲဝင်နေသည့် CSO များသည် ထိုစနစ်အတွင်း လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများကိုမနှစ်မြို့သည်မှာ နားလည်နိုင်စရာသော်လည်း ယင်းလုပ်ငန်းများ စည်းရုံးလှုံ့ဆော်စရာ နည်းလမ်းအချို့ ရှိနေသည်။ ဒစ်ဂျစ်တယ်လူ့အခွင့်အရေးစိန်ခေါ်မှုများအပေါ် တုံ့ပြန်ချက်များသည် လူ့အခွင့်အရေးကိုလေးစားရမည့် ၎င်းတို့၏ ဝတ္တရားကိုထမ်းဆောင်နေသည့် စီးပွားရေးလုပ်ငန်းများအပေါ်တွင် မူတည်နေသည်။ မည်သည့်ဗျူဟာကို လိုက်နာရမည်ကို ဆုံးဖြတ်ခြင်းသည် လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုများပြုလုပ်ရမည့်တွေ့ဆုံပွဲ၊ ဖြစ်နိုင်သည်မှာ အစောပိုင်းတွင် အကြံပြုခဲ့သလို Myanmar Digital Rights Forum တစ်ခုက၊ စေ့စပ် ဆော်ဩပေးကောင်းပေးနိုင်သည့်၊ ခက်ခဲသော အလုပ်တစ်ခု ဖြစ်သည်။

အချို့ CSO များသည် အာဏာသိမ်းမှုအလွန် မြန်မာနိုင်ငံတွင် ဆက်လက်လည်ပတ်နေသည့် ICT ကုမ္ပဏီများကို စည်းရုံးလှုံ့ဆော်ရေးဆိုသည့် လက်မခံသူများလည်းရှိသော ချဉ်းကပ်မှုအမြင်ကို လက်ခံကျင့်သုံးသည်။ အဆိုပါစီးပွားရေးလုပ်ငန်းများ၊ အထူးသဖြင့် ပိုမိုဆိုးရွားသော ဝန်ဆောင်မှုပံ့ပိုးရေးလုပ်ငန်းများထံ လွှဲပြောင်းရောင်းချခဲ့သည့် Telenor နှင့် Ooredoo တို့ကဲ့သို့ အာဏာသိမ်းမှုအလွန် ပြန်လည်ရောင်းချသည့် ICT လုပ်ငန်းများ လုပ်ဆောင်သော HRDD လုပ်ငန်းစဉ်အတွင်းမှ အားနည်းချက်များကို ယင်း CSO များက ဟုတ်မှန်စွာ ထောက်ပြသည်။ ၎င်းတို့အနေဖြင့် ICT စီးပွားရေးလုပ်ငန်းများကို အယုံအကြည်မရှိကြောင်းနှင့် ပုဂ္ဂလိကစီးပွားရေးနယ်ပယ်သည် ဆွေးနွေးမှုများ လုပ်ဆောင်ရန် ပွင့်လင်းမြင်သာခြင်း သို့မဟုတ် ပွင့်လင်းခြင်းမရှိဘဲ လုံလုံလောက်လောက်ကျယ်ပြန့်စွာ ဆွေးနွေးတိုင်ပင်ခြင်းမရှိသလို၊ ရွေးချယ်ထားသည့် CSO ကိုယ်စားလှယ် အနည်းငယ်ကိုသာ အလေးထားသည်ဟု တွေ့ဆုံမေးမြန်းမှုများအတွင်း CSO များက ဖြေဆိုသည်။ စီးပွားရေးလုပ်ငန်းများတည်ရှိနေခြင်းသည် စစ်ကောင်စီကို တရားဝင်မှုပေးပြီး ၎င်း၏လူ့အခွင့်အရေးချိုးဖောက်မှုများပိုမို ချောမွေ့အောင် စေ့စပ်ကူညီပေးနေခြင်းဖြစ်သည်ဟု CSO အများအပြားက ယူဆသည်။

အခြား CSO များကလည်း ဤအမြင်ကို သဘောထားကွဲလွဲပြီး Telenor ကဲ့သို့ လူ့အခွင့်အရေးနှင့်ပတ်သက်သည့် ရည်ညွှန်းစဉ်းစားသုံးသပ်မှုများလုပ်ဆောင်သည့် ICT ကုမ္ပဏီများသည် ပွင့်လင်းမြင်သာမှု၊ ပွင့်လင်းမှု၊ ထိတွေ့ဆက်ဆံမှုတို့နှင့်ပတ်သက်လျှင် အကောင်းဆုံးဖြစ်သည်ဟု ဆိုကြသည်။ အဆိုပါ CSO များသည် ပြည်တွင်း၌ရင်းနှီးမြှုပ်နှံထားသည့် တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်းများနှင့် ဆက်လက်ထိတွေ့ဆက်ဆံရေး လက်တွေ့ကျသောချဉ်းကပ်မှုအမြင်ကို လက်ခံကျင့်သုံးပြီး ယင်းကဲ့သို့သော စီးပွားရေးလုပ်ငန်းများ အနာဂတ်တွင် မြန်မာနိုင်ငံသို့ ပြန်လာရေးကို ပိုမိုလိုလားသည်။ အဆိုပါ တက်ကြွလှုပ်ရှားသူများနှင့် အဖွဲ့အစည်းများက ယင်းကဲ့သို့ နိုင်ငံတကာအဖွဲ့အစည်းများသည် အနာဂတ်တွင် အနိမ့်ဆုံးအဆင့် မြန်မာနိုင်ငံ၌ မူဝါဒနှင့် အချက်အလက်ကာကွယ်ရေးအပေါ် လွှမ်းမိုးမှုအချို့ရှိနိုင်မည်ဟု ယုံကြည်ကြပြီး Telenor ၏ ဆက်လက်ထိတွေ့မှုများလုပ်ဆောင်ရန် ကမ်းလှမ်းချက်ကို လက်ခံမည်ဖြစ်သည်။ ခက်ခဲသောဟန်ချက်ထိန်းကျောင်းမှုဖြစ်သော်လည်း ဗျူဟာနှစ်ခုစလုံးသည် တရားမှုဘောင်လျှော်ညီစွာ ခုခံချေပနိုင်သော ဗျူဟာများဖြစ်သည်။

မြန်မာနိုင်ငံရှိ CSO များအနေဖြင့် နည်းပညာကုမ္ပဏီများကို စည်းရုံးလှုံ့ဆော်ရေးအတွက် စုပေါင်းညီညွတ်ပြီး အားလုံးစုံလင်ပါဝင်သော ဗျူဟာများ ပေါ်ပေါက်လာရေးကို ဦးစားပေးရန် မိမိတို့ အကြံပြုသည်။ ယင်းသည် စည်းလုံးညီညွတ်မှု ပိုခိုင်မာအားကောင်းရန်နှင့် အာဏာသိမ်းပြီးနောက်ပိုင်း ICT စီးပွားရေးလုပ်ငန်းများ ရင်ဆိုင်လာကြရသည်ဟု ပြောနေ

သည့် စိန်ခေါ်မှုများကို ဖြေရှင်းရန်အတွက် အထူးအရေးကြီးသည်။ အဓိပ္ပာယ်သိမ်မွေ့သော နားလည်သဘောပေါက်မှုနှင့် ထိရောက်သော ပူးပေါင်းလုပ်ဆောင်မှု ခိုင်မာအားကောင်းရေး အကူအညီပေးရန်အတွက် ယင်းကို ပြီးစီးအောင်မြင်ရန် ပွင့်ပွင့်လင်းလင်းဆွေးနွေးမှုများ ဖော်ဆောင်သင့်သည်။

## အကြံပြုတိုက်တွန်းချက် ၈ - လူ့အခွင့်အရေးဗဟိုပြု တာဝန်ယူမှုရှိသော ကုမ္ပဏီများကို ရှာဖွေဖော်ထုတ်ပြီး ထိတွေ့ဆက်ဆံရန်

မြန်မာနိုင်ငံ၏ လက်ရှိ နိုင်ငံရေး၊ စီးပွားရေး အခြေအနေတွင် စီးပွားရေးလုပ်ငန်းများသည် CSO များထက် ပို၍ ဩဇာလွှမ်းမိုးမှု ရှိသည်။ ဥပမာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် စစ်တပ်၏ ဆိုက်ဘာလုံခြုံရေးဥပဒေကြမ်းနှင့် ပတ်သက်၍ ပုဂ္ဂလိကစီးပွားရေးနယ်ပယ်မှ အချို့ဖိအားများနှင့် ရင်ဆိုင်ခဲ့ရသောကြောင့် ၂၀၂၂ ခုနှစ်တွင် အဆိုပါ ဥပဒေကြမ်းကို တစ်စိတ်တစ်ပိုင်း ပြန်လည်ပြင်ဆင်ခဲ့သည်။ လက်ရှိအချိန်ထိ အဆိုပါဥပဒေကြမ်းကို လက်ရှိအနေအထားအတိုင်း အတည်ပြုပြဋ္ဌာန်းမည် ဟုတ်မဟုတ် သဲသဲကွဲကွဲ မသိရသေးပေ။ စိုးရိမ်စရာဥပဒေပြဋ္ဌာန်းချက်များကို ဆန့်ကျင်ရန် စီးပွားရေးလုပ်ငန်းများအပေါ်စည်းရုံးလှုံ့ဆော်မှုနှင့် တစ်ပေါင်းတစ်စည်းတည်းလုပ်ဆောင်မှုများကို အားပေးတိုက်တွန်းခဲ့သည့် အတွေ့အကြုံများက ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ကာကွယ်ရန်၊ အထူးသဖြင့် ၎င်းတို့၏ လုပ်ငန်းများကို ထိခိုက်သောအခါတွင် စီးပွားရေးလုပ်ငန်းများ၏ထောက်ခံအားပေးမှု ရရှိရန် ဖြစ်နိုင်ခြေရှိကြောင်း ပြသနေသည်။ စီးပွားရေးရိုက်ခတ်မှုများကို အလေးထားပြီး စီးပွားရေးလုပ်ငန်းများ၏ အသံကို မြှင့်တင်ခြင်းအားဖြင့် အာဏာရှင်အုပ်ချုပ်သူ တစ်ရပ်အပေါ် ရိုက်ခတ်မှုအချို့ ဖြစ်နိုင်ကြောင်း MCRB က အကြံပြုသည်။

နိုင်ငံတကာ ICT စီးပွားရေးလုပ်ငန်းအများစုသည် ပြည်သူများ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ကာကွယ်ပေးသည့် ကြိုခန့်မှန်းနိုင်သော ဥပဒေမူဘောင်တစ်ခုကို လိုလားသည်။ Facebook ကို မြန်မာနိုင်ငံတွင် မူဝါဒ၊ ဥပဒေနှင့် စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုအတွက် စည်းရုံးလှုံ့ဆော်ရာတွင် အရေးပါသည့် အခန်းကဏ္ဍမှ ရပ်တည်ရန် Business for Social Responsibility (BSR) က ၂၀၁၈ ခုနှစ်က မြန်မာနိုင်ငံတွင် Facebook (ယခု Meta) ၏ လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများကို ဆန်းစစ်သည့် အကဲဖြတ်ချက်တွင် အကြံပြုတိုက်တွန်းထားသည်။ ရင်းနှီးမြှုပ်နှံသူများနှင့် ပိုင်ဆိုင်မှုစီမံခန့်ခွဲသူများသည် မြန်မာနိုင်ငံတွင် Telenor နှင့် Ericsson အပါအဝင် နည်းပညာကုမ္ပဏီများနှင့် ထိတွေ့ဆက်ဆံပြီး လူ့အခွင့်အရေးစိုးရိမ်စရာများ၊ ကတိကဝတ်များနှင့် ပတ်သက်သည့် ရှင်းလင်းချက်များကို တောင်းခံခဲ့သည်။ ဒေသတွင်းစီးပွားရေးလုပ်ငန်းများသည်လည်း မြန်မာနိုင်ငံ၏ တရားဝင် ICT အာဏာရှင်စနစ်နှင့်ပတ်သက်၍ စိုးရိမ်ပူပန်ကြသည်။ အာရှအင်တာနက်ကုမ္ပဏီ ၁၆ ခု ပါဝင်သည့် အာရှအင်တာနက်ညွန့်ပေါင်း (The Asia Internet Coalition)က ၂၀၂၂ ခုနှစ်တွင် မြန်မာနိုင်ငံ၏ဥပဒေကြမ်းများသည် အသုံးပြုသူများ၏ ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်ကို ယုတ်လျော့စေ၊ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကန့်သတ်ပြီး ပြည်တွင်းနှင့် နိုင်ငံခြားစီးပွားရေး လုပ်ငန်းများအပေါ် ဝန်ထုပ်ဝန်ပိုးများ ပို၍ဖြစ်ပေါ်စေကြောင်း ဝေဖန်ခဲ့ဖူးသည်။

မူသဘောအားဖြင့် CSO များသည် နောင်တွင်ဖြစ်လာနိုင်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကာကွယ်တားဆီးရန်နှင့် ဩဇာလွှမ်းမိုးမှုရှိသော စီးပွားရေးလုပ်ငန်းများ၏ ဖိအားပေးနိုင်မှုအရှိန်အဝါကို အကျိုးရှိရှိ အသုံးချရန် အောက်၌ဖော်ပြထားသည့် သာမန်ထက်ပိုသော HRDD လုပ်ငန်းစဉ်မှတစ်ဆင့် တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းများနှင့် ထိ

တွေ့ ဆက်ဆံသင့်သည်ဟု မိမိတို့ ယူဆသည်။ တစ်ချိန်တည်း၌ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေကို လေးစားရန်ပျက်ကွက်သည့် မြန်မာနိုင်ငံရှိ မည်သည့်စီးပွားရေးလုပ်ငန်းမျိုးကိုမဆိုဆန့်ကျင်လျက် စည်းရုံးလှုံ့ဆော်ရေးကမ်ပိန်းများ၊ ဗျူဟာ ကျသောတရားစီရင်မှုနှင့် နိုင်ငံတကာတိုင်ကြားချက်များနှင့် လူ့အခွင့်အရေးကာကွယ်ရေးယန္တရားများကို အသုံးပြုခြင်းတို့ကိုလည်း ရှာဖွေလုပ်ဆောင်ရန် မိမိတို့ အကြံပြုတိုက်တွန်းသည်။

စီးပွားရေးလုပ်ငန်းများလုပ်ဆောင်ရန် ဗျူဟာတစ်ခုတည်ဆောက်ခြင်း၏အစိတ်အပိုင်းသည် လူ့အခွင့်အရေးကို ကာကွယ်ရန် ဆန္ဒမရှိသော သို့မဟုတ် မတတ်နိုင်သော၊ ပဋိပက္ခတွင်ပါဝင်နေသော သို့မဟုတ် သဘာဝအားဖြင့် အာဏာရှင်စနစ်ကျင့်သုံးသော နိုင်ငံတစ်ခုအတွင်းရှိ ICT စီးပွားရေးလုပ်ငန်းများ၏ အရှိတရားကို အသိအမှတ်ပြုခြင်း ဖြစ်သည်။ ဒေသတွင်းရေစီးကြောင်းသည် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်ကို ကာကွယ်ပေးရေးမှ ဖယ်ခွာနေပြီး၊ နိုင်ငံတကာဓလေ့ထုံးတမ်းများကိုလည်း အကောင်အထည်ဖော်ခြင်းပင် မရှိသေးပေ။ အများစုမှာ နိုင်ငံအဆင့်မူဘောင်များနှင့် ယင်းမူဘောင်များအတွင်း စီးပွားရေးလုပ်ငန်းများ မည်သို့လည်ပတ်နေပုံပေါ်တွင်မူတည်နေဆဲ ဖြစ်သည်။

## အကြံပြုတိုက်တွန်းချက် ၉ - တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုနှင့် လူ့အခွင့်အရေးကိုလေးစားမှု ရှိစေရေး စည်းရုံးလှုံ့ဆော်ရန်၊

မြန်မာနိုင်ငံ၏ ICT နယ်ပယ်ရှိ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံသူများကို ဖြစ်စေလိုသည့် မျှော်လင့်ချက်များကို CSO များ တစ်စုတစ်စည်းတည်း ရှင်းလင်းသေချာစွာ သတ်မှတ်ထားမည်ဆိုပါက အသုံးဝင်မည်ဖြစ်သည်။ 'တာဝန်ယူမှုရှိသော' ICT စီးပွားရေးလုပ်ငန်းများ လူ့အခွင့်အရေးအခြေခံမှုများကို စည်းကမ်းတကျလိုက်နာရန်နှင့် ခိုင်မာသော HRDD လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရေး စည်းရုံးလှုံ့ဆော်မှုသည် မရှိမဖြစ်လိုအပ်သည်။ စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးချိုးဖောက်မှုတွင် တစ်စိတ်တစ်ဒေသပါဝင်ခြင်းထက် အခြားစီးပွားရေးလုပ်ငန်းများနှင့် ထိတွေ့ဆက်ဆံမှု မပြုခြင်းဖြစ်စေ၊ နိုင်ငံအတွင်းမှ ရုပ်သိမ်းထွက်ခွာခြင်းဖြစ်စေ လုပ်နိုင်သည့် ရွေးချယ်စရာများ ရှိကြောင်း CSO များက စီးပွားရေးလုပ်ငန်းများကို မီးမောင်းထိုးပြနိုင်သည်။ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် CSO များသည် ICT စီးပွားရေးလုပ်ငန်းများကိုကျင့်ဝတ်နှင့်ညီသော လုပ်နည်းလုပ်ဟန်များမြှင့်တင်ရေးတွင် လမ်းညွှန်ကာ မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့သည့် ICT နယ်ပယ်တစ်ရပ် နောက်ဆုံး၌ ခိုင်မာဖြစ်ထွန်းလာရေး လုပ်ဆောင်နိုင်သည်။

တစ်ချိန်တည်းတွင် CSO များအနေဖြင့် မြန်မာနိုင်ငံတွင် လုပ်ကိုင်လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာအကောင်းဆုံးလုပ်နည်းလုပ်ဟန်များကို ထင်ဟပ်သည့် ပွင့်လင်းမြင်သာမှုဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် ဘေးကင်းလုံခြုံရေးအစီအမံများကို အနိမ့်ဆုံး ချမှတ်ကျင့်သုံးရေး တောင်းဆိုရန် မိမိတို့ အကြံပြုတိုက်တွန်းသည်။ စီးပွားရေးလုပ်ငန်းများသည် ဥပဒေအရဖြစ်စေ အခြားနည်းဖြင့်ဖြစ်စေ စစ်တပ်ကို ပုဂ္ဂိုလ်ရေးအချက်အလက်များပေးရန် တာဝန်ရှိသည့်အခါတွင် အသုံးပြုသူများသည် အသိပေးခံရသင့်သည်။ ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ အချက်အလက်များကို ကာကွယ်ရာတွင် အထောက်အကူဖြစ်ရေး ၎င်းတို့လုပ်နိုင်သည့် လုပ်ဆောင်ချက်များကိုလည်း သိရှိသင့်သည်။ အထူးသဖြင့် CSO များသည် လူ့အခွင့်အရေးသက်ရောက်မှုအပေါ် အကဲဖြတ်ဆန်းစစ်ချက်များကို လူသိရှင်ကြားထုတ်ပြန်ပြီး

၎င်းတို့၏ လုပ်ငန်းများအတွင်း ဥပဒေနှင့်အညီ ဘေးကင်းလုံခြုံရေးအစီအမံများနှင့် ယှဥ်တွဲတည်ရှိနိုင်ရန်၊ လုပ်ငန်းနယ်ပယ်ဆွေးနွေးမှုနှင့် စုပေါင်းလုပ်ဆောင်မှုများတွင် ပါဝင်ဆောင်ရွက်ရန်၊ ဥပမာ GNI မှတစ်ဆင့် ဖြစ်စေ၊ နှင့် လုပ်ငန်းလည်ပတ်မှုအဆင့် လုပ်ငန်းတိုင်ကြားမှုယန္တရားများ တည်ဆောက်ရန် ကုမ္ပဏီများကို တောင်းဆိုနိုင်သည်။

ပုဂ္ဂလိကနယ်ပယ်သည် လူ့အခွင့်အရေးအပေါ် အနုတ်သဘောသက်ရောက်မှုများကို ပြည်တွင်းဥပဒေနှင့်ညီရန် ဆောင်ရွက်ရန်လိုအပ်သောကြောင့်ဆိုရုံသက်သက်ဖြင့် အကြောင်းပြ၍မရပါ။ ယင်းအစား ၎င်းတို့အနေဖြင့် နိုင်ငံတော်ကို ပြန်လည်အံတုရသည့် အခိုက်အတန့်များလည်း လိုအပ်သည်။ ICT ကုမ္ပဏီတစ်ခုသည် လူ့အခွင့်အရေးသက်ရောက်မှုများရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အသုံးပြုသူများ၏ သတင်းအချက်အလက်များကို အစိုးရကတောင်းဆိုတိုင်း အလိုအလျောက် လွှဲပေးနေမည်ဆိုပါက ယင်းကုမ္ပဏီသည် လူ့အခွင့်အရေးချိုးဖောက်စော်ကားမှုများတွင် တစ်စိတ်တစ်ဒေသပါဝင်နိုင်သည့်အန္တရာယ် ရှိနေသည်ဟု OHCHR ၏ [ကော်ပိုရိတ်လုပ်ငန်းများ လူ့အခွင့်အရေးကိုလေးစားရမည့် တာဝန်ဆိုင်ရာ အဓိပ္ပာယ်ဖွင့်ဆိုမှုလမ်းညွှန်ချက်]က ဆိုသည်။

CSO များ၏ စည်းရုံးလှုံ့ဆော်ရေးအားထုတ်မှုများသည် စစ်တပ်နှင့် တိုက်ရိုက်ဖြစ်စေ၊ တစ်ဆင့်ခံဖြစ်စေ ပတ်သက်ဆက်နွယ်မှုရှိနေသော သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ရန်ဖြစ်စေ၊ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကျူးလွန်ရန်ဖြစ်စေ စစ်တပ်နှင့် အလိုတူအလိုပါ ဆောင်ရွက်သည့် ICT စီးပွားရေးလုပ်ငန်းများ၏ ဂုဏ်သိက္ခာပိုင်းကို အထူးဦးတည်ပစ်မှတ်ထားသင့်သည်ဟု CSO အများအပြားက ဆိုသည်။ ဤဦးတည်ပစ်မှတ်ထားချက်သည် ရေတိုတွင် ဂုဏ်သိက္ခာပိုင်းကျဆင်းစေရေး အလေးထားနိုင်သလို အဆိုပါကုမ္ပဏီများ တာဝန်ယူမှုတာဝန်ခံမှုရှိရေးနှင့် တရားမျှတမှု ရရှိ ရေးဆောင်ရွက်ရန်အပြင် အနာဂတ်ဒီမိုကရက်တစ်မြန်မာနိုင်ငံတွင် ၎င်းတို့၏ စာချုပ်များကို ဖျက်သိမ်းရန် CSO များက အဆိုပါကုမ္ပဏီများကို တရားစွဲဆိုတိုင်ကြားနိုင်သည်။ [Justice for Myanmar] သည် မြန်မာနိုင်ငံတွင် [စစ်တပ်ကိုထောက်ခံနေသည့်] စီးပွားရေးလုပ်ငန်းများ၊ နိုင်ငံတကာအေဂျင်စီများနှင့် နိုင်ငံခြားအစိုးရများကို ရှာဖွေဖော်ထုတ်သည့် နမူနာလုပ်ရပ် လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။

ဥပမာအနေဖြင့် မြန်မာနိုင်ငံ၏ လက်ရှိရင်းနှီးမြှုပ်နှံမှုဥပဒေသည် လူ့အခွင့်အရေးစွမ်းဆောင်ရည်များကို အခြေခံ၍ ရင်းနှီးမြှုပ်နှံသူများကို စိစစ်ခြင်းအား ခွင့်ပြုသည်။ ရင်းနှီးမြှုပ်နှံမှုစည်းမျဥ်းစည်းကမ်းများအရ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်(MIC)က ရင်းနှီးမြှုပ်နှံသူများ တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုအတွက် ကတိကဝတ်ရှိကြောင်းကို ပြသနိုင်ခြင်းရှိမရှိ၊ ဥပမာ မြန်မာနိုင်ငံတွင် သို့မဟုတ် အခြားတရားစီရင်ပိုင်ခွင့်နယ်ပယ်တစ်ခုတွင် ဥပဒေချိုးဖောက်ခဲ့ခြင်းရှိမရှိကို ထည့်သွင်းသုံးသပ်စဥ်းစားသည်။ စည်းမျဥ်းများတွင် သဘာဝပတ်ဝန်းကျင်၊ အလုပ်သမား၊ အခွန်၊ လာဘ်ပေးလာဘ်ယူတိုက်ဖျက်ရေးနှင့် အကျင့်ပျက်ခြစားမှု သို့မဟုတ် လူ့အခွင့်အရေးဥပဒေများကို တိတိပပ ဖော်ပြထားသည်။ ရင်းနှီးမြှုပ်နှံသူတစ်ဦးသည် ပြစ်မှုတစ်ခုကျူးလွန်ရန်၊ သဘာဝပတ်ဝန်းကျင်ကာကွယ်ရေးစံနှုန်းများကို ချိုးဖောက်ရန် သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်စော်ကားမှုများ၌ ပါဝင်ပတ်သက်ပါက MIC က ခွင့်ပြုချက်ပေးရန် ငြင်းပယ်နိုင်သည်။ ယင်းကဲ့သို့သော ကုမ္ပဏီတစ်ခုက ရင်းနှီးမြှုပ်နှံခွင့် လျှောက်ထားလာပါက MIC သို့မဟုတ် အခြားနောင်ရှိလာမည့် စိစစ်ရေးအဖွဲ့မှ ကုမ္ပဏီ၏ မှတ်တမ်းများကို သိရှိရေးနှင့် ခွင့်ပြုမိန့်ငြင်းပယ်ရေးသေချာစေရန်ဆောင်ရွက်ရာတွင် CSO များသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်သည်။

## အကြံပြုတိုက်တွန်းချက် ၁၀ - ဖြစ်နိုင်ခြေနှင့်အမှန်တကယ်ကျရောက်နိုင်သည့် လူ့အခွင့်အရေးဆိုင်ရာ ရိုက်ခတ်မှုများကို သာမန်ထက်ပိုသော စီမံမှုလုပ်ငန်းစဉ် ဖော်ဆောင်ရန် စီးပွားရေးလုပ်ငန်းများကို တောင်းဆိုရန်

ပဋိပက္ခဘေးဒဏ်သင့်ဒေသများတွင် ရင်းနှီးမြှုပ်နှံသော သို့မဟုတ် လုပ်ငန်းလည်ပတ်နေသော စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့ လုပ်ငန်းများ၏ လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှုကို အကဲဖြတ်ရန် သို့မဟုတ် လူ့အခွင့်အရေး အန္တရာယ်ကျရောက်နိုင်ခြေ သို့မဟုတ် ပဋိပက္ခအရွေ့အပေါ် အနုတ်သဘောသက်ရောက်မှုတိုင်းကို ရှာဖွေဖော်ထုတ်မည့် အန္တရာယ်လျှော့ချရေး အစီအမံများ ချမှတ်ရန် သာမန်ထက်ပိုသောဝတ္တရားရှိသည်။

သာမန်ထက်ပိုသော HRDD များ လုံလုံလောက်လောက် ရှိမရှိကို CSO များ အကဲဖြတ်သုံးသပ်နိုင်ရေးအတွက် ၎င်းနှင့် ပတ် သက်၍ လုံလောက်သော သတင်းအချက်အလက်များကို အများပြည်သူ လက်လှမ်းမီနိုင်ရန် ဆောင်ရွက်ထားရမည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းများသည် မအောင်မြင်နိုင်လျှင်ပင် ၎င်းတို့၏ ဖိအားပေးနိုင်မှုအရှိန်အဝါကို အသုံးချပြီး စစ်တပ်နှင့် ညှိနှိုင်းရန်ကြိုးပမ်းပြသင့်သည်။ နိုင်ငံအတွင်း ဝန်ထမ်းခန့်အပ်ထားသော ICT စီးပွားရေးလုပ်ငန်းများမှာ ဝန်ထမ်းများ၏ လုံခြုံရေးအတွက် စိုးရိမ်ကြောင့်ကြမှုကြောင့် SAC အပေါ် လွှမ်းမိုးနိုင်ရေး လုပ်ဆောင်ရာတွင် စိန်ခေါ်မှုများရှိနေသည့် အခြေအနေတွင် မြန်မာနိုင်ငံတွင်ဝန်ထမ်းမခန့်ထားသည့် ICT စီးပွားရေးလုပ်ငန်းများကို စည်းရုံးလှုံ့ဆော်ခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်းသည် အရေးကြီးသော မဟာဗျူဟာတစ်ခု ဖြစ်သည်။

ပါဝင်ပတ်သက်သူများနှင့် မည်သို့ထိတွေ့ဆောင်ရွက်သင့်ပုံနှင့် ဘေးဒဏ်သင့်ပြည်သူများအတွက် ကုစားမှုဆိုင်ရာ ပြဋ္ဌာန်းချက်များအရေး ကုမ္ပဏီများအတွက် HRDD များဆိုင်ရာ ကျယ်ပြန့်သောလမ်းညွှန်ချက်ရှိနေသည့်တိုင် ပဋိပက္ခဘေးဒဏ်သင့်ဒေသများတွင် လူ့အခွင့်အရေးကာကွယ်ရန် သာမန်ထက်ပိုသော HRDD လုပ်ငန်းစဉ်တစ်ရပ် တောင်းဆိုနိုင် ရန်အတွက် CSO များအဖို့ အရင်းအမြစ် အနည်းငယ်သာ ရှိနေသည်။ သက်ဆိုင်ရာ အရင်းအမြစ်တစ်ခုမှာ GNI ၏ CSO များအတွက် မည်သို့ဆောင်ရွက်ပုံလမ်းညွှန်ဖြစ်သည်။ သို့သော် ယင်းလမ်းညွှန်သည် ပဋိပက္ခဘေးသင့်ဒေသများ အရေးနှင့် သာမန်ထက်ပိုသော HRDD လုပ်ငန်းစဉ်များအရေး အဓိက သီးသန့်ကိုင်တွယ်သော လမ်းညွှန်မဟုတ်ပေ။

ပထမဦးစွာ CSO များသည် သာမန် HRDD များတွင် တိုးချဲ့သည့် အဓိကအဆင့်သုံးဆင့်အရေး အလေးထားရန် စီးပွားရေးလုပ်ငန်းများကို တောင်းဆိုနိုင်သည်။ (၁) ဒေသန္တရနောက်ခံဆက်စပ်အခြေအနေနှင့် ပဋိပက္ခ၏ နောက်ကြောင်းရာဇဝင် အပါအဝင် တင်းမာမှုများနှင့် အဓိကသော့ချက်များကို ရှာဖွေဖော်ထုတ်ခြင်း၊ (၂) ပဋိပက္ခအတွင်း အဓိက ပါဝင်ဆောင်ရွက်သူများကို မြေပုံထုတ်ခြင်း၊ ယင်းတွင် ပါဝင်ဆောင်ရွက်သူအားလုံး၏ နှီးဆွဲချက်နှင့် စွမ်းဆောင်ရည်များကို လေ့လာခြင်းလည်း ပါဝင်သည်၊ (၃) စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းများ၊ ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ၏ အုပ်စုအသီးသီးအကြား လက်ရှိလူမှုတင်းမာမှုများနှင့် ပတ်သက်ဆက်နွှယ်မှုများ၊ နှင့် တင်းမာမှု သို့မဟုတ် ပဋိပက္ခ အသစ်များ ဖန်တီးပေးနိုင်မည့် အလားအလာများကို ရှာဖွေဖော်ထုတ်ပြီး ပြင်ဆင်မျှော်လင့်ခြင်းတို့ဖြစ်သည်။

ကုလသမဂ္ဂဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်နှင့် ကုလသမဂ္ဂစီးပွားရေးလုပ်ငန်းများနှင့် လူ့အခွင့်အရေးဆိုင်ရာ အလုပ်အဖွဲ့၏ ပဋိပက္ခဘေးဒဏ်သင့်အခြေအနေများတွင် စီးပွားရေးလုပ်ငန်းများအတွက် သာမန်ထက်ပိုသော HRDD ဆိုင်ရာ

လမ်းညွှန်ချက်တွင် သာမန်ထက်ပိုသော HRDD တစ်ရပ်ကိုလိုအပ်သည့်အချိန်ကိုအသိအမှတ်ပြုရာတွင် သင့်လျော်ပြီး အသုံးဝင်သော အန္တရာယ်ကျရောက်နိုင်ခြေနှင့်အခြေပြုအညွှန်းကိန်း တစ်စုံ ပါဝင်သည်။ လက်နက်ကိုင်ပဋိပက္ခ ဖြစ်နေသည် ဖြစ်စေ၊ မဖြစ်နိုင်သည်ဖြစ်စေ ယင်းသည် မြန်မာနိုင်ငံရှိ လုပ်ငန်းအားလုံးအတွက် အကျိုးဝင်သည်။

ဤမူဘောင်၏ ဒုတိယပိုင်းတွင် ဖော်ပြထားသည့် သာမန်ထက်ပိုသော ဝတ္တရားများကို ထမ်းဆောင်ရန်အတွက် CSO များက စီးပွားရေးလုပ်ငန်းများကို CSO များက စည်းရုံးလှုံ့ဆော်ရန် မိမိတို့ အကြံပြုတိုက်တွန်းသည်။

'စီးပွားရေးလုပ်ငန်းများ၏ လုပ်ငန်းများနှင့် လုပ်ငန်းလည်ပတ်မှုအခြေအနေသည် ဆင့်ကဲပြောင်းလဲနေသည့်အတွက် လူ့အခွင့်အရေးအန္တရာယ် ကျရောက်နိုင်ခြေမှာလည်း ပြောင်းလဲနိုင်ဖွယ်ရှိသည်ကို အသိအမှတ်ပြုပြီး ကြိုတင်စီမံမှုလုပ်ငန်းစဉ်သည်လည်း ပုံမှန်ရှိနေသင့်သည်'ကို UNGP ၏ အခြေခံမှု ၁၇ က တိုက်တွန်းသည်။ အကြီးစားလုပ်ငန်းပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်များမတိုင်မီနှင့် မြေပြင်ပေါ်ရှိ အပြောင်းအလဲများအပြင် လုပ်ငန်းများတစ်လျှောက် ပုံမှန်အားဖြင့် တုံ့ပြန်ရန် CSO များသည် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှု သို့မဟုတ် ပတ်သက်ဆက်နွှယ်မှုအသစ်တစ်ခု မတည်ဆောက်မီ HRDD နှင့် ပဋိပက္ခအကဲဖြတ်ဆန်းစစ်ချက်များကို ဆောင်ရွက်ရေးသေချာစေရန် ဆွေးနွေးတိုင်ပင်မှုများကို အသုံးချသင့်သည်။

သာမန်ထက်ပိုသော HRDD လုပ်ငန်းစဉ်သည် စီးပွားရေးလုပ်ငန်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှုနှင့်ဆက်နွှယ်ပြီး ပြည်သူ့ဆက်ဆံရေးဌာနသို့ သာမက အဆင့်မြင့်စီမံခန့်ခွဲရေးဌာနအထိတင်ပြရမည်ကို CSO များ အခိုင်အမာ ထုတ်ဖော်ပြောကြားရန် အထူးအရေးကြီးကြောင်း မိမိတို့ ယုံကြည်သည်။ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနေသော ကုမ္ပဏီတစ်ခုက ခန့်အပ်ထားသော လူ့အခွင့်အရေးရှေ့နေတစ်ဦးက HRDD လုပ်ငန်းစဉ် ရှိသော်လည်း အထက်ပိုင်းစီမံခန့်ခွဲရေးဌာနနှင့် ရှင်းရှင်းလင်းလင်း ပတ်သက်ဆက်နွှယ်မှု မရှိနေကြောင်း ပြောကြားသည်။ HRDD လုပ်ငန်းစဉ်ကို ပြည်သူ့ဆက်ဆံရေးဌာနက လုပ်ဆောင်ခဲ့ခြင်းမရှိသလို ဒေသတွင်းနှင့် နိုင်ငံတကာကုမ္ပဏီ CEO များ ချမှတ်ခဲ့သော အဓိကစီးပွားရေးဆုံး ဖြတ်ချက်များအပေါ်လည်း အသိပေးခဲ့ခြင်း မရှိပေ။ UNGP များသည် လူ့အခွင့်အရေးကိုလေးစားရေး ကုမ္ပဏီတစ်ခုလုံးဆိုင်ရာကတိကဝတ်နှင့် HRDD ဆိုင်ရာ ပူးပေါင်းရေးဗျူဟာတစ်ရပ်ကို တိုက်တွန်းနှိုးဆော်ထားသည်။ အဆိုပါ ကတိကဝတ်သည် စီးပွားရေးလုပ်ငန်းများ၏ ဝက်ဘ်ဆိုက်နှင့် အရောင်းမြှင့်တင်ရေးကြော်ငြာ၊ စာသားများတွင်သာမက လက်တွေ့၌ပါ အမှန်တကယ် ဖြစ်ထွန်းစေရေး CSO များ ကြိုးပမ်းရန် အထူးအရေးကြီးသည်။

OHCHR ၏ B-Tech စီမံချက်တွင် အသားပေးဖော်ပြထားသကဲ့သို့ ICT ကုမ္ပဏီများ၏ အဓိကဝတ္တရားမှာ ၎င်းတို့ထုတ်လုပ်သည့် ထုတ်ကုန်၊ ဝန်ဆောင်မှုနှင့် ရလဒ်များအသုံးပြုခြင်းကြောင့် ဖြစ်သည့် သက်ရောက်မှုများကို မည်သို့ဖြေရှင်းမည်ကို 'သိရှိပြီး ပြသ'ရန် ဖြစ်သည်။ အသုံးပြုသူများနှင့် ရင်းနှီးမြှုပ်နှံသူများတွင်လည်း လူ့အခွင့်အရေးကိုလေးစားရန် ဝတ္တရားရှိသော်လည်း ယင်းကြောင့် ICT ပံ့ပိုးထုတ်လုပ်သူများ HRDD ကို အကောင်အထည်ဖော်၊ ဆောင်ရွက်ရမည့် အရေးကြီးဝတ္တရားကို မလျှော့ပေါ့စေရပါ။

UNGP သည် ဘေးဒဏ်သင့်သည့် ပါဝင်ပတ်သက်သူများနှင့် စီးပွားရေးမိတ်ဖက်များနှင့် အနှစ်သာရရှိရှိ ဆွေးနွေးတိုင်ပင်ရန် လိုအပ်သည်။ သာမန်ထက်ပိုသော HRDD လုပ်ငန်းစဉ်သည် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထား

မှုဥပဒေ၊ ပဋိပက္ခလေ့လာသုံးသပ်ချက်၊ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု၊ ဒေသန္တရယဉ်ကျေးမှု၊ အာဏာမမျှတမှုနှင့် ပိုမိုအန္တရာယ်ကျရောက်လွယ်သောအုပ်စုများအရေးအတွက် နောက်ထပ်ဒေသခံနှင့် နိုင်ငံတကာကျွမ်းကျင်ပညာများ လိုအပ်သည်။ လုံခြုံရေးစိုးရိမ်ပူပန်စရာများနှင့် CSO များ၏ လွတ်လပ်မှုအပေါ် အကန့်အသတ်များ သိသိသာသာရှိနေသည့်အခြေအနေ၌ လက်ရှိမြန်မာနိုင်ငံတွင် အနှစ်သာရပြည့်ဝသော ဆွေးနွေးတိုင်ပင်မှုလုပ်ရန် အမြဲတစေ မဖြစ်နိုင်သလို အာဏာသိမ်းပြီးနောက်ပိုင်းအခြေအနေတွင် လူ့အခွင့်အရေးကို လေးစားရမည့် စီးပွားရေးဝတ္တရားများကို ထမ်းဆောင်ရန်မှာလည်း မဖြစ်နိုင်သလောက်ရှိသည်။ ဤအခက်အခဲများရှိနေသည့်အခြေအနေတွင် သာမန်ထက်ပိုသော HRDD ကို အခြေခံသည့် ICT ရင်းနှီးမြှုပ်နှံမှုသည် လူသိရှင်ကြား အန္တရာယ်လျှော့ချရေး၊ ဖိအားပေးနိုင်စွမ်းနှင့် တာဝန်ယူမှုရှိသော ရပ်သိမ်းထွက်ခွာရေးအစီအစဉ်များကို လိုအပ်သည်။

## အကြံပြုတိုက်တွန်းချက် ၁၁ - ပဋိပက္ခလေ့လာသုံးသပ်ချက်နှင့် ဒေသန္တရကျွမ်းကျင်မှုတို့၏ အရေးပါမှုကို အလေးထားရန်

သာမန်ထက်ပိုသော HRDD လုပ်ငန်းစဉ်တစ်ခုသည် သီးသန့်လူ့အခွင့်အရေးသက်ရောက်မှုများကို အာရုံစိုက်ပြီး ပဋိပက္ခ၏ပိုမိုကျယ်ပြန့်သော နောက်ခံဆက်စပ်အခြေအနေကို ထည့်သွင်းစဉ်းစားသင့်သည်။ ပဋိပက္ခသည် အနုတ်သဘောလူ့အခွင့်အရေးရိုက်ခတ်မှုကို အမြဲဖန်တီးပြီး SAC ၏ ပဋိပက္ခဖော်ဆောင်နိုင်စွမ်းကို အားဖြည့်ထောက်ပံ့နေသည့် စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးချိုးဖောက်စော်ကားမှုများကို ဖန်တီးနေ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအထောက်အကူပြုနေသော်လည်း ကြားနေရန်ကြိုးစားသည့် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းတစ်ခုသည်ပင်လျှင် ပဋိပက္ခ၏အရွေ့အပေါ် လွှမ်းမိုးမှု ရှိနိုင်သည်။ စီးပွားရေးလုပ်ငန်းများ၏တည်ရှိမှုသည် ပဋိပက္ခနှင့် ယင်းနောက် လူ့အခွင့်အရေးအပေါ် မည်သို့သက်ရောက်မှုရှိပြီး မြန်မာနိုင်ငံတွင် တရားဥပဒေစိုးမိုးမှုကင်းမဲ့နေသော သို့မဟုတ် SAC အပေါ် အမှီအခိုကင်းသည့် ကြီးကြပ်စောင့်ကြည့်မှုကင်းမဲ့နေသော အခြေအနေတွင် စီးပွားရေးလုပ်ဆောင်မှုများကို မည်သို့ဆောင်ရွက်မည်ကို CSO များက စီးပွားရေးလုပ်ငန်းများကို အသင့်ပြသနိုင်လျှင် အသုံးဝင်မည်ဖြစ်သည်။

ယင်းတို့ထက်ပိုသောအချက်မှာ CSO များ၏ ဒေသန္တရဗဟုသုတနှင့်ကျွမ်းကျင်မှုသည် သာမန်ထက်ပိုသော HRDD လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်နေသည့် စီးပွားရေးလုပ်ငန်းများကို ၎င်းတို့ရင်းနှီးမြှုပ်နှံနေသည့် နောက်ခံဆက်စပ်အခြေအနေနှင့် ၎င်းတို့ စီးပွားရေးပတ်သက်ဆက်နွှယ်မှုများ၏ သဘောသဘာဝကို နားလည်စေရေး အကူအညီဖြစ်နိုင်သည်။

[UNGP အခြေခံမှု ၁၂](#) နှင့် မှတ်ချက်အရ စီးပွားရေးလုပ်ငန်းများသည် နိုင်ငံတကာလူသားချင်းစာနာထောက်ထားမှု ဥပဒေကို ထည့်သွင်းစဉ်းစားရမည်ဖြစ်ပြီး၊ ယင်းဥပဒေကို လူ့အခွင့်အရေးနှင့်အတူ လက်နက်ကိုင်ပဋိပက္ခ ကျရောက်နေသည့်အခြေအနေများအတွက် ကျင့်သုံးပြီး လက်နက်ကိုင်ပဋိပက္ခဖြစ်နေချိန်၌ပင် ယင်းဥပဒေသည် အကျုံးဝင်သည်။

CSO များအနေဖြင့် စီးပွားရေးလုပ်ငန်းများကို မြန်မာနိုင်ငံရှိ HRDD လုပ်ငန်းစဉ်တွင် လူသားချင်းစာနာထောက်ထားမှု ဥပဒေကို အသေအချာထည့်သွင်းစဉ်းစားစေရေး လုပ်ဆောင်ရန် မိမိတို့မှ အကြံပြုတိုက်တွန်းသည်။ ယင်းသို့လုပ်ဆောင်ရာတွင် အစိုးရမဟုတ်သော လက်နက်ကိုင်အစုအဖွဲ့များရှိနေသည့် ဒေသများတွင် လည်ပတ်ရခြင်း၏ စိန်ခေါ်မှုများကို ရှင်းပြခြင်းလည်း ပါဝင်ကောင်းပါဝင်သည်။ CSO များသည် စီးပွားရေးလုပ်ငန်းများကို လက်နက်အဖွဲ့များ၏ ဖွဲ့

စည်းတည်ဆောက်ပုံ၊ ပိုင်နက်၊ ရည်ရွယ်ချက်နှင့် နိုင်ငံရေးဆွေးနွေးချက်များအပြင် ၎င်း တို့အပေါ် ဒေသခံပြည်သူလူထုအားပေးမှုတို့ကို ရှင်းရှင်းလင်းလင်းနားလည်စေရန် ပြောပြပေးနိုင်သည်။ ယင်းအပြင် မြန်မာနိုင်ငံနှင့် ဒေသတွင်းတွင် ကိုယ်ရေးကိုယ်တာလွတ်လပ်ခွင့်နှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်တို့ကို မဆိုသလောက်သာ ကာကွယ်ပေးနေချိန်၌ အဆိုပါရပိုင်ခွင့်များကို ချိုးဖောက်မှုသည် ပဋိပက္ခဘေးဒဏ်သင့်ဒေသများအတွင်း စီးပွားရေးလုပ်ငန်းများလည်ပတ်နေခြင်းနှင့် ဆက်နွယ်နေဆဲ ဖြစ်သည်။

## အကြံပြုတိုက်တွန်းချက် ၁၂ - တာဝန်ယူမှုရှိသောစီးပွားရေးလုပ်ငန်းများနှင့် အနှစ်သာရရှိရှိ ဆွေးနွေးရာတွင် ပါဝင်ရန်

ကုမ္ပဏီများသည် စာချုပ်လက်မှတ်မရေးထိုးမီ ဆွေးနွေးနှီးနှောမှု စတင်လုပ်ဆောင်ပြီး စီမံကိန်းအကောင်အထည်ဖော်နေစဥ်မှ ရုပ်သိမ်းထွက်ခွာသည့်ကာလအထိ ဆွေးနွေးမှုကို ဆက်လက်လုပ်ဆောင်ရဖွယ် ရှိသည်။ တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများအတွက် OECD ၏ အမှန်တကယ်နှင့် ဖြစ်နိုင်ခြေရှိသော အန္တရာယ်များအတွက်ကြိုတင်စီမံမှု (due diligence) လမ်းညွှန်ချက် က ရင်းနှီးမြှုပ်နှံမှုမပြုလုပ်မီ သာမန်ထက်ပိုသော due diligence ကို လုပ်ဆောင်ရန် လိုလားသည်။ UNGP ၏ အခြေခံမူ ၁၈ သည် ကုမ္ပဏီတစ်ခု၏ လုပ်ငန်းများ၊ ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများကြောင့် လူ့အခွင့်အရေးထိခိုက်ရိုက်ခတ်မှုခံရသည့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူများနှင့် အနှစ်သာရရှိပြီး အချိန်ကိုက် ဆွေးနွေးမှုပြုလုပ်ရန် တိုက်တွန်းသည်။ နိုင်ငံတကာစံနှုန်းများနှင့်အညီဖြစ်ရန် စီးပွားရေးလုပ်ငန်းများသည် 'အစိုးရများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံအဆင့်လူ့အခွင့်အရေးအင်စတီကျူးများနှင့် သက်ဆိုင်ရာ ပါဝင်ပတ်သက်သူပေါင်းစုံပါဝင်သော လုပ်ငန်းအစီအစဥ်များ... အပါအဝင် ယုံကြည်စိတ်ချရပြီး အမှီအခိုကင်းသည့် ကျွမ်းကျင်ပညာရှင်များနှင့် ပြင်ပတွင် ဆွေးနွေးတိုင်ပင်'သင့်သည်။

မြန်မာနိုင်ငံတွင် ICT စီးပွားရေးလုပ်ငန်းများက လုပ်ငန်းများ မချမှတ်မီ CSO များသည် လုပ်ငန်းများအားလုံးအနှံ့တွင် လူသိရှင်ကြား ကတိကဝတ်ရှိရေး ဖိအားပေးပြီး နည်းလမ်းအဟောင်းအမြင်းများကို စွန့်လွှတ်ပြီး နိုင်ငံတကာစံနှုန်းများကို သိရှိနားလည်စေရန်အတွက် ဆွေးနွေးတိုင်ပင်မှုအားလုံးနှင့် HRDD လုပ်ငန်းစဥ်တို့ကို အသုံးချရန် မိမိတို့မှ အကြံပြုတိုက်တွန်းသည်။ ရိုက်ခတ်မှုခံရသည့် ပါဝင်ပတ်သက်သူများသည် သက်ရောက်မှုဒဏ်ခံရနိုင်သည့်အလားအလာရှိသော လူပုဂ္ဂိုလ်များဖြစ်လျှင် ဖြစ်စေ၊ ပဋိပက္ခဒဏ်ခံရသည့် ပိုမိုကျယ်ပြန့်သော လူမှုအသိုင်းအဝိုင်းများ ဖြစ်လျှင်ဖြစ်စေ၊ ဤကတိကဝတ်ရှိမှုက ၎င်းတို့အပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် တိုက်ရိုက်ဆက်သွယ်ရောက်ရှိသင့်သည်။ မြန်မာနိုင်ငံရှိ အချို့ ICT စီးပွားရေးလုပ်ငန်းများသည် ယင်းကဲ့သို့သော ကတိကဝတ်များ ပေးသော်လည်း အနည်းငယ်ကသာ ပဋိပက္ခရိုက်ခတ်မှုကို အသေးစိတ် စစ်ဆေးတိုင်းတာသည့်အတွက် CSO များက နောင်ဖြစ်လာမည့် ရင်းနှီးမြှုပ်နှံသူများကို အလားတူလုပ်ဆောင်ရန် တွန်းအားပေးနိုင်သည်။

CSO များသည် စီးပွားရေးလုပ်ငန်းများကို တရားဝင်မှုရှိသော ပါဝင်ပတ်သက်သူအားလုံးနှင့် ဆွေးနွေးတိုင်ပင်ရေးအတွက် စည်းရုံးလှုံ့ဆော်ရန်လည်း မိမိတို့ အကြံပြုတိုက်တွန်းသည်။ ယင်းပါဝင်ပတ်သက်သူများတွင် ပဋိပက္ခဒဏ် အဆိုးဆုံးခံရသူများ သို့မဟုတ် ပဋိပက္ခကြောင့် ထိခိုက်နိုင်ငံအမြင့်မားဆုံးသူများအပြင် ပဋိပက္ခ ရိုက်ခတ်နိုင်ဖွယ်ရှိသည့် အခြားသော ဆောင်ရွက်နေသူများလည်း ပါဝင်ရမည်။ ICT စီးပွားရေးလုပ်ငန်းများ၏ တာဝန်သည် ၎င်းတို့၏ လုပ်ငန်း

များနှင့် လူများအပေါ်တွင်သာမက ၎င်းတို့လုပ်ငန်းလည်ပတ်သည့် နိုင်ငံနှင့် အဆိုပါနိုင်ငံအတွင်းရှိ လူပုဂ္ဂိုလ်များနှင့် လူမှုအသိုင်းအဝိုင်းပေါ်တွင်ပါ ရှိသည်ကို CSO များက ထောက်ပြပြောဆိုနိုင်သည်။

ထို့အပြင် ပါဝင်ပတ်သက်သည်သူများ၏ လုံခြုံရေးအန္တရာယ်ကို CSO များက ဆွေးနွေးတိုင်ပင်သည့်ဖြစ်စဉ်များတွင် အသားပေးဆွေးနွေးရန် မိမိတို့ အကြံပြုသည်။ ၎င်းတို့ ဘေးကင်းလုံခြုံရေးကို အာမခံချက်ပေးရန်မှာ မဖြစ်နိုင်ကောင်းပါ။ အစိုးရက အချို့အုပ်စုများနှင့် ဆွေးနွေးရန် ငြင်းဆိုနိုင် သို့မဟုတ် အတိုက်အခံများနှင့် ပတ်သက်ခြင်းကို တရားမဝင်ကြောင်း ကြေညာကောင်း ကြေညာနိုင်သည်။ ပဋိပက္ခဘေးဒဏ်သင့်ဒေသများ၏ ကြိုတင်ခန့်မှန်း၍မရသော၊ အန္တရာယ်ရှိသော သဘောသဘာဝက ဆွေးနွေးတိုင်ပင်မှုများကို အဟန့်အတားဖြစ် ကောင်းဖြစ်နိုင်သည်။

လက်တွေ့တွင် ပါဝင်ပတ်သက်သူများကို ဖော်ထုတ်သတ်မှတ်ထားသည့် မြေပုံတွင် ပါဝင်ပတ်သက်သူအားလုံး၏ စီးပွားရေးနှင့်လူမှုရေး ဆွေးနွေးစရာကိစ္စများနှင့် အကျိုးစီးပွားများ၊ ဖိအားပေးနိုင်စွမ်း၊ ဘေးအန္တရာယ် ပိုမိုထိခိုက်လွယ်သည့်အုပ်စုများကို ကိုယ်စားပြုမှုနှင့် ဥပဒေနှင့်မူဝါဒဆိုင်ရာ မူဘောင်တွင်း အခန်းကဏ္ဍတို့ အားလုံးကို ရှာဖွေဖော်ထုတ်ရမည် ဖြစ်သည်။ ဒေသန္တရအဆက်အသွယ်တည်ဆောက်ရာတွင် အရင်းအမြစ်များ လိုအပ်သည်။ သို့သော် လူ့အခွင့်အရေးကိုလေးစားရန်နှင့် အနုတ်သဘောသက်ရောက်မှုများကို ရှောင်ကြဉ်ရန် အရေးကြီးသည်။ CSO များသည် ကျယ်ပြန့်ပြီး ယုံကြည်စိတ်ချရသော ဒေသန္တရအချိတ်အဆက်များ အားကောင်းရေးအတွက် ကူညီနိုင်သော်လည်း ယင်းအတွက် အချိန်ပေးပြီး စိတ်ရှည်ရန်လိုအပ်ကြောင်းကို စီးပွားရေးလုပ်ငန်းများ အမှန်တကယ်သဘောပေါက်စေရန် အသေအချာပြောပြထားရမည်ဖြစ်သည်။ ပဋိပက္ခကြောင့်ဖြစ်စေ အစိုးရ၏ ကန့်ကွက်မှုကြောင့်ဖြစ်စေ ယင်းသို့လုပ်ဆောင်ရန် မဖြစ်နိုင်ပါက စီးပွားရေးလုပ်ငန်းများသည် လူ့အခွင့်အရေးကို လေးစားရမည့် ၎င်းတို့၏ တာဝန်ကို အပြည့်အဝထမ်းဆောင်ရန်နှင့် ပဋိပက္ခအပေါ် အနုတ်သဘော မရိုက်ခတ်စေရန် မည်သို့ဆောင်ရွက်နိုင်မည်ကို စဉ်းစားသုံးသပ်ရမည်။

Telenor Myanmar ၏အတွေ့အကြုံကို ပဋိပက္ခဒဏ်ခံနေရသည့် နိုင်ငံတစ်ခုတွင် သာမန်ထက်ပိုသော HRDD မရှိပါက မည်သို့မည်ပုံဖြစ်တတ်ကြောင်း နမူနာဖြစ်စဉ်အဖြစ် CSO များ မီးမောင်းထိုးတင်ပြနိုင်သည်။ Telenor သည် မြန်မာနိုင်ငံတွင် ၂၀၁၄ ခုနှစ်မှစ၍ လုပ်ငန်းလည်ပတ်ခဲ့သည်။ Telenor ၏ အကြံပေးကုမ္ပဏီဖြစ်သည့် BSR ၏ လူ့အခွင့်အရေးသက်ရောက်မှုအကဲဖြတ်ဆန်းစစ်မှုမူဘောင် သာမက အလုပ်သမားရပိုင်ခွင့်၊ လာဘ်ပေးလာဘ်ယူနှင့် အကျင့်ပျက်ခြစားမှု၊ နှင့် သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့ရေးတို့ကိုပါ လွှမ်းခြုံသည့် BSR ထံမှ Telenor က လုပ်ဆောင်သည့် [ရင်းနှီးမြှုပ်နှံမှုမပြုလုပ်မီ ဆောင်ရွက်သော due diligence လုပ်ငန်းစဉ်]၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာသက်ရောက်မှုဆန်းစစ်အကဲဖြတ်ချက်တစ်ခုအရ ယင်းကို [သိရှိခဲ့ခြင်း] ဖြစ်သည်။ သို့သော် Telenor သို့မဟုတ် BSR က ဖွင့်ချထုတ်ပြန်သော စာရွက်စာတမ်းများအရ Telenor သည် ရင်းနှီးမြှုပ်နှံမီ ပဋိပက္ခအကဲဖြတ် သုံးသပ်ချက်တစ်ရပ် လုပ်ဆောင်ခြင်း သို့မဟုတ် ပဋိပက္ခအရေးကျွမ်းကျင်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်း မရှိခဲ့ပေ။

ICT ကုမ္ပဏီများ၏ စီးပွားရေးလုပ်ငန်းများသည် SAC သို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်နေသည့် စီးပွားရေးမိတ်ဘက်များ၏ လုပ်ဆောင်ချက်များအပေါ် မည်သို့မည်ပုံ တစ်ဘက်တစ်လမ်း အထောက်အကူပြုနေ သို့မဟုတ် ဆက်နွယ်နေနိုင်ဖွယ်၊ မတည်ငြိမ်မှု ဖြစ်စေနိုင်ဖွယ် သို့မဟုတ် ပဋိပက္ခကို ပိုမိုဆိုးရွားလာစေဖွယ် ရှိနေသည်ကို CSO များ ပြသနိုင်သည်။ မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းများ၊ အစိုးရနှင့် စစ်တပ်တို့ကြား ဆက်နွယ်မှုသည် ကျယ်ပြန့်ပြီး စီး

ပွားရေးမိတ်ဖက်များသည် အမေရိကန်၏ သို့မဟုတ် အခြားသော အရေးယူပိတ်ဆို့မှုစာရင်းတွင် မပါဝင်နေသည်မှာ သေချာနေသင့်သည်။

## စီးပွားရေးလုပ်ငန်းများအတွက် အကြံပြုတိုက်တွန်းချက်များ

### အကြံပြုတိုက်တွန်းချက် ၁၃ - အစိုးရနှင့် စီးပွားရေးပတ်သက်ဆက်နွှယ်မှုများအပေါ် ဩဇာလွှမ်းမိုးရန်အတွက် ဖိအားပေးနိုင်မှုအရှိန်အဝါကို အကျိုးရှိရှိ အသုံးချရန်

'အနုတ်သဘောလူ့အခွင့်အရေးသက်ရောက်မှုတစ်ရပ် ဖြစ်စေသော သို့မဟုတ် ဖြစ်ရန် အထောက်အပံ့ဖြစ်စေသော အခြားအစုအဖွဲ့တစ်ခု၏ မှားယွင်းသောလုပ်ထုံးလုပ်နည်းများအတွင်း စီးပွားရေးလုပ်ငန်းတစ်ခု၏ အပြောင်းအလဲလုပ်ဆောင်နိုင်စွမ်း'ကို UNGP များက အသိအမှတ်ပြုသည်။ အန္တရာယ်ကျရောက်နိုင်ခြေရှိသော ပတ်သက်ဆက်နွှယ်မှုများ တိုးတက်စေရန် ဖိအားပေးနိုင်မှုအရှိန်အဝါကို အသုံးချသင့်ကြောင်းနှင့်ပတ်သက်၍ စီးပွားရေးလုပ်ငန်းတစ်ခုသည် 'သက်ရောက်မှုများကို လျှော့ချရန်နှင့် ဂုဏ်သိက္ခာပိုင်း၊ ငွေရေးကြေးရေးပိုင်း သို့မဟုတ် ဥပဒေပိုင်းဆိုင်ရာစသည့် ဆက်လက်တည်ရှိနေသော ဆက်နွှယ်မှု၏ အကျိုးဆက်တိုင်းကို လက်ခံနိုင်ရေးပြင်ဆင်ရန် ဆောင်ရွက်နေဆဲ လုပ်ဆောင်ချက်များကို ဖော်ထုတ်ပြသနိုင်သင့်သည်'ဟု UNGP များက ဆိုသည်။ နိုင်ငံတကာအဖွဲ့အစည်းများက ပဋိပက္ခဘေးဒဏ်သင့်ဒေသများရှိ စီးပွားရေးလုပ်ငန်းများကို နိုင်ငံတကာစံနှုန်းများနှင့်သွေဖီနေသော ပြည်တွင်းဥပဒေများကို ပြုပြင် ပြောင်းလဲရန်ရေးအတွက် စည်းရုံးလှုံ့ဆော်ရန်နှင့် တစ်ချိန်တည်းတွင် တာဝန်ယူမှုရှိသော နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများအတွက် ပိုမိုလွယ်ကူသောအခြေအနေများ ဖန်တီးပေးကာ အစိုးရ၏ အကျိုးစီးပွားဖြစ်ထွန်းအောင် လုပ်ဆောင်ရေးကို လည်း မေတ္တာရပ်ခံရန် တိုက်တွန်းသည်။

စီးပွားရေးလုပ်ငန်းများသည် အရှိန်အဝါသုံး၍ဖိအားပေးရာတွင် ကျွမ်းကျင်သူများဖြစ်သည်ကို CSO များ နားလည်ထားရန် အရေးကြီးသည်။ ၎င်းတို့သည် စီးပွားရေးအရ ပတ်သက်ဆက်နွှယ်မှုများနှင့် အကျိုးစီးပွားအတွက် အစိုးရကို စည်းရုံးရာတွင် အဆိုပါဖိအားပေးနိုင်မှုအရှိန်အဝါကို တစ်ချိန်လုံး အသုံးချကြသည်။ အဆိုပါ ပါဝါကို လူ့အခွင့်အရေးနှင့်ပဋိပက္ခဆိုင်ရာ ရိုက်ခတ်မှုများကို လျှော့ချရန် အကျိုးရှိရှိအသုံးချသင့်သည်။ သို့ရာတွင် အဆိုပါ ပါဝါရရှိရေးလုပ်ဆောင်ရာတွင် CSO များနှင့် စီးပွားရေးလုပ်ငန်း နှစ်ခုစလုံးသည် ဤအစီရင်ခံစာ အစောပိုင်း၌ အသေးစိတ်ဖော်ပြခဲ့သည့် မြန်မာနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းဆိုင်ရာမူဘောင်ကြောင့် ဖြစ်သော စိန်ခေါ်မှုများ ကို ထည့်သွင်းစဥ်းစားရန် လိုအပ်သည်။

တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများက ဖိအားပေးနိုင်မှုအရှိန်အဝါသုံးနိုင်မည့် ဗဟိုချက်၊ မဟာဗျူဟာများနှင့် အပြောင်းအလဲကို တိုး မြှင့်ဖြစ်ပေါ်စေနိုင်သည့် လုပ်ဆောင်မှုများကို ရှာဖွေဖော်ထုတ်ရာတွင်အပြင် အန္တရာယ်လျှော့ချရေး မဟာဗျူဟာများနှင့် အောင်မြင်မှုအတွက် အတားအဆီးများကို ရှာဖွေဖော်ထုတ်ရာတွင် CSO များမှကူညီပေးရန် မိမိတို့ အကြံပြုတိုက်တွန်းသည်။ CSO များသည် အသုံးပြုသူများ၊ စီးပွားရေးလုပ်ငန်းများ၊ အစိုးရအရာရှိများအတွက် ပါဝင်ပတ်သက်သူ ပေါင်းစုံပါဝင်သည့် စွမ်းဆောင်နိုင်ရည်မြှင့် အစီအစဥ်များအရေးအတွက် Digital Rights Forum များကို အသုံးချ၍လည်း တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများနှင့် အလုပ်တွဲဘက် လုပ်ဆောင်နိုင်သည်။ CSO များသည်

ICT စီးပွားရေးလုပ်ငန်းများကို GNI ကဲ့သို့ သက်ဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းများမှ တစ်ဆင့် လုပ်ငန်းအသိုင်းအဝိုင်း တစ်ခုလုံး အနေဖြင့် စုပေါင်းလုပ်ဆောင်မှုလုပ်ဆောင်ရန် တိုက်တွန်းနိုင်သည်။

မြန်မာနိုင်ငံတွင် ကြိုတင်ကာကွယ်သည့် ဘေးကင်းလုံခြုံရေးစနစ်များကို ချမှတ်ဆောင်ရွက်ခြင်းသည် ရှုပ်ထွေးသည်။ အချို့နည်းပညာကုမ္ပဏီများက ကြိုတင်ကာကွယ်ရေးနှင့် အန္တရာယ်လျှော့ချရေး လုပ်ဆောင်မှုများကို ချမှတ်ဆောင်ရွက်ကာ အချက်အလက်များ ချက်ချင်းလက်ငင်းဖျက်ဆီးရေး၊ အခြေအနေအရသတိထားရမည့်အချိန်တွင် ဝန်ထမ်းများကို သင်တန်းပေးခြင်းနှင့် ဒစ်ဂျစ်တယ်လုံခြုံရေးတို့ သေချာစေရန်အတွက် တရားဝင်လုပ်ထုံးလုပ်နည်း ပရိုတိုကောများ တည်ဆောက်ထားသည်။ Telenor သည် ဈေးကွက်အတွင်းသို့ မဝင်ရောက်မီ ၎င်းတို့၏ HRDD လုပ်ငန်းစဉ်များအတောအတွင်း၌ ဥပဒေနှင့်အညီ ကြားဖြတ်ဖောက်ဝင်ဆောင်ရွက်ခြင်းနှင့် လျှို့ဝှက်ထောက်လှမ်းခြင်းကိစ္စတို့ကို စည်းမျဉ်းစည်းကမ်းပိုင်းဆိုင်ရာ မူဘောင်အတွင်း လူ့အခွင့်အရေးအန္တရာယ်များအဖြစ် တွေ့ရှိထုတ်ဖော်ခဲ့ဖူးသည်။ ဖေဖော်ဝါရီ ၁ ရက်နေ့ အာဏာသိမ်းပြီးနောက်ပိုင်းတွင် Telenor သည် အာဏာပိုင်များ၏ ညွှန်ကြားချက်များကို ထပ်မံဖွင့်ချမည်ဆိုပါက ဆိုးရွားသောလုံခြုံရေးအကျိုးဆက်များ ရှိလာနိုင်ကြောင်း အကြောင်းကြားခံခဲ့ရသည်။ Telenor သည် မြန်မာနိုင်ငံအတွင်းရှိ ဝန်ထမ်းများ၏လုံခြုံရေးကို ထိခိုက်နိုင်သည့် ပွင့်လင်းမြင်သာမှုအခြေခံမူကို ပြန်လည်ထိန်းညှိကာ ညွှန်ကြားချက်များအား ဖွင့်ချထုတ်ပြန်ခြင်းကို ရပ်ရန် ဆုံးဖြတ်ခဲ့သည်။

ရင်းနှီးမြှုပ်နှံရန် ဆုံးဖြတ်ချက်မချမီကာလသည် ဖိအားပေးနိုင်မှု အရှိန်အဝါပိုရှိသည့် ကာလဖြစ်သည်။ အန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသောနိုင်ငံများတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ဆောင်မှုများအတွက် OECD due diligence လမ်းညွှန်ချက်သည် 'ပထမအဆင့် အန္တရာယ်မြင့်မားသော စီးပွားရေးပတ်သက်ဆက်နွှယ်မှုအသစ်များ မတည်ထောင်မီ' မြင့်မားသော due diligence လုပ်ငန်းစဉ်များ ဦးစွာလုပ်ဆောင်ရန် လိုလားသည်။ စီးပွားရေးလုပ်ငန်းများသည် စတင်ထိတွေ့ဆက်ဆံသည့်အချိန်ကတည်းက ၎င်းတို့၏ ဖိအားပေးနိုင်မှုအရှိန်အဝါကို အသုံးချ၍ သက်ဆိုင်ရာဥပဒေများနှင့် နိုင်ငံတကာစံနှုန်းများကို ရည်ညွှန်းပြီး ပဋိပက္ခနှင့်နီးနွှယ်သည့် လူ့အခွင့်အရေးဆိုင်ရာ ကြိုတင်တွက်ဆမှုများကို ချမှတ်ထားသင့်သည်။ ရှင်းလင်းသောရပိုင်ခွင့်များနှင့် ပဋိပက္ခနှင့်နီးနွှယ်သည့် သတ်မှတ်စံနှုန်းများကို စာချုပ်များ၊ MoU များ သို့မဟုတ် လိုင်စင်ချမှတ်ပေးရေး သဘောတူ စာချုပ်များတွင် တရားဝင် ထည့်သွင်းပြဋ္ဌာန်း နိုင်သည်။

သို့ရာတွင် လုပ်ကိုင်ဆောင်ရွက်မှုလက်တွဲဖြုတ်တော့မည်ကို ယုံလောက်အောင်ပြသခြင်းသည်လည်း အိမ်ရှင်နိုင်ငံများအပါအဝင် စီးပွားရေးမိတ်ဖက်များကို ၎င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာဆောင်ရွက်မှုများ တိုးတက်လာအောင် တွန်းအားပေးသည့်အစွမ်းထက် ဖိအားပေးနိုင်မှုအရှိန်အဝါတစ်ခု ဖြစ်နိုင်သည်။ ကုမ္ပဏီများသည် စီးပွားရေးပတ်သက်ဆက်နွှယ်မှုတစ်ခု စတင်ချိန်ကတည်းက လက်တွဲဖြုတ်ရနိုင်သည့်အခြေအနေကို အလေးထားဆွေးနွေးသင့်ပြီး ဖြစ်နိုင်ခြေရှိသော ကုန်သွယ်မှုပုံစံများနှင့် သီးသန့်စာချုပ်ပါပြဋ္ဌာန်းချက်များ ထည့်သွင်းရေးဆွဲခြင်းတို့ ပြုလုပ်ကာ အဆိုပါအခြေအနေ လုပ်ဆောင်မည့် လုပ်ငန်းစဉ်တစ်ရပ်ကိုလည်း ကြိုတင်သဘောတူညီမှု ရယူထားသင့်သည်။

## အကြံပြုတိုက်တွန်းချက် ၁၄ - ရင်းနှီးမြှုပ်နှံမှုဖျက်သိမ်းရေး နည်းလမ်းများနှင့် တာဝန်ယူမှုရှိသော ရပ်သိမ်းထွက်ခွာမှု များအရေးကို ဆွေးနွေးရန်

သာမန်ထက်ပိုသော HRDD သည် ပဋိပက္ခအပေါ် စီးပွားရေးလုပ်ငန်းများ၏ ထပ်တိုးရိုက်ခတ်မှုကို ထည့်သွင်းစဉ်းစားသည့်အတွက် တာဝန်ယူမှုရှိသော ရုပ်သိမ်းထွက်ခွာရေးဗျူဟာတစ်ရပ် ရှိစေရေးလိုအပ်ချက်ကို တိုးမြှင့်ထားသည်။ စီးပွားရေးမိတ်ဖက်တစ်ဦးမှ ပြန်လည်ကုစားမရနိုင်သော လူ့အခွင့်အရေးချိုးဖောက်မှုတစ်ရပ်ကို ရည်ရွယ်ချက်ရှိရှိ ကျူးလွန်သည့်အခါတွင် လက်တွဲဖြုတ်ဆောင်ရန်ရန် CSO များက အကြံပြုတိုက်တွန်းသည်။ UNGP များနှင့် OECD လမ်းညွှန်ချက်များသည် လူ့အခွင့်အရေးသက်ရောက်မှုများ၏ ပြင်းထန်မှု၊ ယင်းသက်ရောက်မှုများကို လျှော့ချရန် ယခင်အားထုတ်ဆောင်မှုများ၊ အရေးကြီးသော ပတ်သက်ဆက်နွှယ်မှု ဟုတ်မဟုတ်နှင့် စီးပွားရေးလုပ်ငန်းများတွင် ဖိအားပေးနိုင်စွမ်း မည်မျှရှိသနည်း စသည်တို့ ရည်ညွှန်းကိုးကားကာ တာဝန်ယူမှုရှိသော ရုပ်သိမ်းထွက်ခွာမှုအတွက် ဆုံးဖြတ်ချက်ချမှတ်ရေးလုပ်ငန်းစဉ်ကို ဖော်ထုတ်ပေးထားသော်လည်း ကုမ္ပဏီတစ်ခု နိုင်ငံတစ်နိုင်ငံတွင် ရှိသင့်မသင့် သို့မဟုတ် ထွက်ခွာသင့်မသင့်ကို တစ်ကမ္ဘာလုံးဆိုင်ရာလက်ခံနိုင်သော အဖြေတစ်ရပ်ကို မပေးထားပေ။ သို့သော် လက်တွေ့တွင် တာဝန်ယူမှုရှိသော ရုပ်သိမ်းထွက်ခွာမှုအတွက် ကုန်ကျစရိတ်နှင့် ထောက်ပံ့ပို့ဆောင်ရေးကိစ္စများကြောင့် အခြားရွေးချယ်မှု မရှိမှသာ ယင်းကို စဉ်းစားသုံးသပ်ကြသည်။

တာဝန်ယူမှုရှိသော ရုပ်သိမ်းထွက်ခွာမှုအတွက် လမ်းပြမြေပုံသည် အမြတ်အစွန်းနှင့် ဂုဏ်သိက္ခာအပေါ်တွင် အခြေမခံဘဲ ပါဝင်ပတ်သက်သူများအတွက် အန္တရာယ်ကျရောက်နိုင်ခြေ လျှော့ချရေးအပေါ်တွင်သာ အခြေခံကြောင်း ကုလသမဂ္ဂအလုပ်အဖွဲ့က ရှင်းပြသည်။ တာဝန်ယူမှုရှိသော ရုပ်သိမ်းထွက်ခွာမှုအရ စီးပွားရေးလုပ်ငန်းများသည် လမ်းတွဲဖြုတ်ခြင်းကြောင့် ပါဝင်ပတ်သက်သူအားလုံးအပေါ် ကျရောက်နိုင်သည့် ရိုက်ခတ်မှုများကို ဖော်ထုတ်၊ ဆန်းစစ်အကဲဖြတ်ရန်နှင့် အန္တရာယ်လျှော့ချရေးဗျူဟာများ ရေးဆွဲရန်အတွက် ရှင်းလင်းပြတ်သားသော ရုပ်သိမ်းထွက်ခွာရေးဗျူဟာတစ်ရပ်ကို ကြိုတင်မှန်းဆ၊ စီစဥ်ထားရန် လိုအပ်သည်။ အဆိုပါ မှန်းဆ၊ စီစဥ်မှုတွင် ပါဝင်ပတ်သက်သူများထံ ကြောင်းကျိုးဆီလျော်သော အသိပေးစာပေးခြင်း၊ ဝန်ထမ်းလစာများကို ကာကွယ်ပေးခြင်းနှင့် အလုပ်အကိုင်ဆုံးရှုံးမှုကို လျှော့ချရန် စွမ်းဆောင်ရည်တည်ဆောက်ပေးခြင်းတို့အပြင် နေရာမရွှေ့ပြောင်းနိုင်သည့် ကျန်ရှိဝန်ထမ်းများ၏ လုံခြုံဘေးကင်းရေးကို ဆောင်ရွက်ပေးခြင်းတို့လည်း ပါဝင်သည်။

ယင်းကိစ္စအတွက် မေးခွန်းမှာ ဆက်နေမလား၊ ထွက်မလားဆိုရလောက်အောင် မရိုးရှင်းပါ။ ယင်းကိစ္စသည် မည်သို့ ဆက်နေမည်၊ မည်သို့ထွက်ခွာမည်ကို စဉ်းစားရသောကိစ္စဖြစ်သည်။ တာဝန်ယူမှုရှိသော ရုပ်သိမ်းထွက်ခွာမှုကို ဆုံးဖြတ်သောအခါ စီးပွားရေးလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းစုများနှင့် ၎င်းတို့၏ ပတ်သက်ဆက်နွှယ်မှုတို့၏ လူ့အခွင့်အရေးနှင့်ပဋိပက္ခအပေါ် သက်ရောက်မှုများနှင့်ပတ်သက်၍ ၎င်းတို့၏ ဩဇာလွှမ်းမိုးမှုနှင့် ဖိအားပေးနိုင်မှုအရှိန်အဝါကို မကြာခဏ ထည့်သွင်းစဉ်းစားသည်။ လက်တွေ့၌ ပဋိပက္ခနှင့်လူ့အခွင့်အရေးအပေါ်သက်ရောက်မှု အန္တရာယ်များ ရှိသော်လည်း ပဋိပက္ခဘေးဒဏ်သင့်နယ်မြေတစ်ခုတွင် ဆက်နေလိုက်ခြင်းက တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်း တစ်ခုအတွက် အကျိုးအမြတ်ဖြစ်စေနိုင်သည်မျိုးလည်း လက်တွေ့အခြေအနေတွင် ရှိတတ်သည်။

ရုပ်သိမ်းထွက်ခွာသော စီးပွားရေးလုပ်ငန်းများသည် စီးပွားရေးမိတ်ဖက်အဖြစ်မှ လက်တွဲဖြုတ်လိုက်ခြင်းကြောင့် ဖြစ်သောကိစ္စများ အပါအဝင် ရုပ်သိမ်းထွက်ခွာမှုကြောင့် ဖြစ်သည့် သို့မဟုတ် တစ်စိတ်တစ်ပိုင်းအထောက်အပံ့ ဖြစ်သည့် ရိုက်ခတ်မှုများကိုလည်း ပြုပြင်ပေးရမည် ဖြစ်သည်။ လူသိရှင်ကြားရရှိနိုင်ပြီး ရှင်းရှင်းလင်းလင်း စံသတ်မှတ်ထားသည့်

လူ့အခွင့်အရေးအခြေပြုပြီး ပဋိပက္ခအကဲဆတ်မှုအလေးထားသည့် ရင်းနှီးမြှုပ်နှံမှုဖျက်သိမ်းခြင်းနှင့် လက်တွဲဖြုတ်ခြင်း အစီအစဉ်တစ်ရပ် ရှိထားရန် အထူးအရေးကြီးသည်။

ICT ရင်းနှီးမြှုပ်နှံသူများ အစီအစဉ်မရှိဘဲ တက်သုတ်ရိုက် ရုပ်သိမ်းထွက်ခွာခြင်းသည် လူ့အခွင့်အရေးနှင့် ပဋိပက္ခဆိုင်ရာအနုတ်သဘောဆောင်ရိုက်ခတ်မှုများ ဖြစ်ပေါ်စေနိုင်ကြောင်းကို မြန်မာ CSO များက တွေ့ကြုံသိရှိပြီးဖြစ်သလို စည်းရုံးလှုံ့ဆော်ရေးလုပ်ငန်းများနှင့် တရားစီရင်မှုဆိုင်ရာလုပ်ငန်းအစီအစဉ်များထံ လက်လှမ်းမီ ဆက်သွယ်မှုမှတစ်ဆင့် ရှင်း ရှင်းလင်းလင်း အသိပေးထားပြီးသား ဖြစ်သည်။ စီးပွားရေးလုပ်ငန်းတစ်ရပ်သည် ရုပ်သိမ်းထွက်ခွာလိုလျှင် ခိုင်မာသော ရုပ်သိမ်းထွက်ခွာရေးဗျူဟာတစ်ရပ် လိုအပ်သည်။ CSO များမှ ပဋိပက္ခအန္တရာယ်များအပါအဝင် ကြိုတင်ကာကွယ်ရာရောက်ပြီး ကျယ်ပြန့်သည့် အန္တရာယ်ကျရောက်နိုင်ခြေ ဆန်းစစ်အကဲဖြတ်မှု လုပ်ဆောင်ရန် မိမိတို့မှ အကြံပြုတိုက်တွန်းသည်။ ဆက်နေမလား၊ ထွက်ခွာမလားဆိုသည့် ကိစ္စကဲ့သို့ အမျိုးမျိုးသော အလျှော့အတင်း ချိန်ထိုးနှိုင်းယှဉ်စရာများကို ကြိုတင်၍ ဆန်းစစ်သုံးသပ်ထားသင့်သည်။ မြန်မာနိုင်ငံမှ ရုပ်သိမ်းထွက်ခွာသွားသော လုပ်ငန်းအများစုသည် အာဏာသိမ်းမှုအပေါ် တုံ့ပြန်ဆောင်ရွက်မှုအရေးတွင် တာဝန်ယူမှုမရှိကြကြောင်း CSO များမှ အင်တာဗျူးဖြေဆိုသူများက ထောက်ပြသည်။ ယင်းအစား တာဝန်ယူမှုရှိသော ရုပ်သိမ်းထွက်ခွာမှုတစ်ရပ်သည် ရှင်းလင်း၊ လူသိရှင်ကြား၊ လူ့အခွင့်အရေးစံနှုန်းသတ်မှတ်ထားသော အစီအစဉ် ဖြစ်ရန်လိုအပ်သည်။ ရုပ်သိမ်းထွက်ခွာခြင်းက တင်းမာမှုများကို ပိုမိုဆိုးရွားလာမလားနှင့် ယင်းသက်ရောက်မှုများက အကျိုးထက်အပျက်ကို ပိုဖြစ်စေနိုင်မနိုင်ဆိုသောအချက်ကိုလည်း အဆိုပါအစီအစဉ်က ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။